# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (30-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး၊ ရေတိုက်ကာကွယ်ရေးနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား



နေပြည်တော် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ ဧရာဝတီမြစ်မှ ခွဲထွက်လာသော တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေတိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ

စာမျက်နှာ ၁၆ ကော်လံ ၁

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ရတနာပုံ ယနေ့ ဖတ်စရာ**



၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ စာမျက်နှာ - ၂၂

Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနက ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့်အခြေအနေများကို အသိပေးကြေညာခြင်း စာမျက်နှာ - ၂၁


## လေဖိအားနည်းရပ်ဝန်း ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်



အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်- ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၂၆ ကော်လံ ၁

## မြန်မာ့ရိုးရာလက်မှုပစ္စည်းများ တရုတ်နှင့် ကိုရီးယား ခရီးသွားများ စိတ်ဝင်တစား လေ့လာဝယ်ယူ

ရန်ကုန် ဩဂုတ် ၂၉

ပုဂံဒေသ မြင်းကပါရွာမှ ထွက်ရှိသည့် ယွန်းထည်ပစ္စည်းအမျိုး ၃၀ ကျော်နှင့် မန္တလေး၊ ပဲခူးမြို့တို့မှ ထွက်ရှိသည့် သစ်သားပစ္စည်း ၅၀ ကျော်အပြင် ပုဂံဒေသထွက် သဲပန်းချီ၊ ယွန်းပန်းချီနှင့် မန္တလေးဒေသထွက် ကျောက်စီပန်းချီ၊ ရွှေချည်ငွေချည်ထိုး ပန်းချီကားများစသဖြင့်

စာမျက်နှာ ၂၆ ကော်လံ ၄



ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်
အယ်ဒီတာ့အာဘော်

## အနုပညာစွမ်းအားမြှင့်တင်၍ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်ရပ်၏ ရပ်တည်မှုတွင် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် အသက်နှင့်ထပ်တူ တန်ဖိုးရှိလှပေသည်။ ထိုအထဲတွင် စာပေ၊ ဂီတ၊ အနုသုခုမပညာရပ်များသည် လူတို့၏စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေရုံသာမက မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်များကိုပါ ထက်မြက်ရှင်သန်စေနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော စွမ်းအားတစ်ရပ်လည်းဖြစ်သည်။ မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ပုဂံခေတ် ငါးစီးရှင်ကျော်စွာကိုယ်တိုင် "ကာချင်း"ကို ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့က ဒိုင်း၊ ဓား၊ လှံတို့ကိုင်ကာ ညီညာဖြိုဖြိုး သီဆိုကခုန်ခဲ့ကြသည့် သာဓကများရှိခဲ့သည်။ အလားတူ လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင်လည်း အမျိုးသားရေး တေးသီချင်းများ ပေါ်ထွန်းလာခဲ့ခြင်းက မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့ပြီး လွတ်လပ်ရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့သည်အထိ သမိုင်းတွင်ခဲ့ပေသည်။

ဤသို့သော အနုပညာ၏ တန်ဖိုးနှင့်စွမ်းအားများကို ဖော်ထုတ်မြှင့်တင်ပေးနိုင်ရန် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ တပ်ဖွဲ့အတွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်မှာ လွန်စွာပင် အဓိပ္ပာယ်ပြည့်ဝလှပေသည်။

ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင်နှင့် မြန်မာ့ဆိုင်း စသည့်သဘင်သုခုမပညာရပ်များ တိမ်ကောပပျောက်မှုမရှိဘဲ မြန်မာမှုစစ်စစ်ဖြင့် ထည်ဝါစွာ ရပ်တည်နိုင်စေရန်တို့ဖြစ်သည်။ ထို့ပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော လုပ်ငန်းစဉ်များကို ပိုမိုအောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သည့် အနုပညာစွမ်းအားများ တိုးပွားလာစေရန်အတွက်ပင်ဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များနှင့် သတင်းစာတိုက်တပ်ဖွဲ့များသည် ပြည်သူနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့ဆက်ဆံနေရသည့် တပ်ဖွဲ့များဖြစ်ကြသည်။ တစ်နည်းဆိုရသော် ၎င်းတို့သည် တပ်မတော်နှင့် ပြည်သူအကြား အပြန်အလှန် ချိတ်ဆက်ပေးနေသည့် ပေါင်းကူးတံတားများပင် ဖြစ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် မိမိတို့ကျွမ်းကျင်ရာ အနုပညာစွမ်းရည်အသီးသီးဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုကျင်းပသည့် ပြိုင်ပွဲများသည် မိမိတို့၏ ပင်ကိုဗီဇနှင့် အနုပညာအရည်အသွေးများကို ဖော်ထုတ်ပြသရုံမျှသာမဟုတ်ဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်စောင့်ရှောက်ထိန်းသိမ်းလိုသည့်စိတ်ထားနှင့် တပ်ဖွဲ့ဝင်များ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတို့ကို ရှုမြင်ကာ မဆုတ်မနစ် ကြိုးစားယှဉ်ပြိုင်လျှောက်လှမ်းကြရန် လိုအပ်ပေသည်။ အတိတ်သမိုင်းစဉ်တစ်လျှောက် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ၊ တပ်ဖွဲ့၏ဂုဏ်ကျက်သရေကို ဆက်လက်မြှင့်တင်ထိန်းသိမ်းကာ မှတ်ကျောက်တင်ခံနိုင်မည့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်တပ်ဖွဲ့ဝင်များအဖြစ် ဆက်လက် ကြိုးပမ်းလျှောက်လှမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၀၁၀ စိုက်ပျိုးမည်




**ဆားလင်းကြီး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၄၀၁၀ စိုက်ပျိုးမည် ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၀၁၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နှမ်းဧက ၂၄၀၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## စဉ့်ကိုင်မြို့နယ် မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၈၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြို့သာကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၇ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

## ကန့်ကြီးထောင့်မြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေ



**ကန့်ကြီးထောင့် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းနေကြောင်း ကန့်ကြီးထောင့်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ မှ ၈၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားကောင်းနေပါတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီး ပိဿာချိန် ၅၅၀၀ ကနေ ၈၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်တင်ယာဉ် အငှားလိုက်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်။ ကန့်ကြီးထောင့်မြို့နယ် ကထွက်ရှိတဲ့ ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၁၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဖြူအင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်၂၈ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆင်ဖြူအင်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိမရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က VRFP စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆင်ဖြူအင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၆ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၅၂၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲဧက ၅၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေး သွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုးမှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧရိယာအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးသည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ပွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပွန်ကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၅သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အမရပူရမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလူငယ်စာဖတ်ဝိုင်း ကျင်းပ

**အမရပူရ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေဗဟုသုတများ ပိုမိုရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရန်ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ဩဂုတ် ၂၈ ရက်က လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာပြည့်ဖြိုးသီ၊ စာရေးဆရာလူပြာထက်၊ စာရေးဆရာမ အမရပူရကြည်ပြာတို့က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း Grade–12 မှ စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့က စာရေးဆရာအောင်သင်း၏ လူငယ်ရဲ့ဘဝနှင့်တန်ဖိုးစာအုပ်ဖြင့် အသီးသီးဆွေးနွေးကြရာ စာရေးဆရာ၊ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင်(အမရပူရ)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုကို ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲရှိပါတယ်။ လက်ရှိဩဂုတ်လထဲမှာ ဖွဲနုအိတ်တွေကို ရန်ကုန်ဘက်ကနေ ဝယ်ယူမှုများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလိုဖွဲနုအိတ်တွေ အဝယ်လိုက်လာတာပါ။ ဝယ်ယူအား ကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါး၊ ဖွဲ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသတွင်း မွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၃၇၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

အဆိုပါဖွဲနုများ အရောင်းအဝယ်ကောင်းမွန်သောကြောင့် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးသူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# စီးပွားရေးလုပ်မှုရေးနှင့် ခြိုးခြံချွေတာမှု

**မျိုးသူ(ကုန်သွယ်မြင့်)**

MSME ဟုခေါ်ကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အောင်မြင်တိုးတက်ရေးနှင့် ရှင်သန်ရပ်တည်ရန် အစဉ်ရုန်းကန်နေရတတ်သည်။ ငွေကြေးအရင်းအနှီးနည်းပါးသဖြင့် ငွေဖောင်းပွသည့် ကာလမျိုးတွင် ဝင်ငွေသည် နည်းပါးတတ်သဖြင့် ရလာသောငွေကို ပိုမိုတိုးပွားအောင် ဆောင်ရွက်ရန် တစ်ဖက်က ကြိုးစားရသကဲ့သို့ ကုန်ကျစရိတ်များကိုလည်း စနစ်တကျနှင့် စီမံခန့်ခွဲတတ်ရန်၊ ခြိုးခြံချွေတာရန်လည်း အထူးလိုအပ်ပေသည်။

ချွေတာစုဆောင်းခြင်းသည် မိမိတို့ လူနေမှုဘဝတွင်လည်း ကျင့်သုံးသင့်သော အလေ့အကျင့်ကောင်းဖြစ်သည်။ ယခုခေတ်တွင် အသစ်အဆန်းများသည် နေ့စဉ်ပေါ်ပေါက်နေပြီး ၎င်းအသစ်အဆန်းများနောက်လိုက်၍ လိုချင်ဆန္ဒများ ဖြစ်ပေါ်တတ်သည်ကို သတိထားဆင်ခြင်နိုင်မှသာ တော်ရုံကျသည်။ စီးပွားရေးလုပ်ငန်းများတွင်သာမက လူနေမှုဘဝတွင်လည်း ဖြစ်ချင်သောဆန္ဒများနှင့် လိုအပ်ချက်များကို သေချာကွဲပြားနေရန်နှင့် လိုအပ်ချက်ဦးစားပေးရေးကို ကျင့်သုံးနေရန်လိုအပ်သည်။ ထို့ကြောင့် ခြိုးခြံချွေတာခြင်းကို စီးပွားရေးလုပ်ငန်းငယ်များအတွက် မဖြစ်မနေကျင့်သုံးသင့်သည်။ ခြိုးခြံချွေတာခြင်းသည် ငွေကြေးသုံးစွဲမှုကို လုံးဝဖြတ်တောက်လိုက်ခြင်းမျိုးမဟုတ်ဘဲ အရင်းအမြစ်များကို အကျိုးရှိစွာနှင့် အထိရောက်ဆုံးအသုံးချခြင်းဖြစ်သည်။

**စီးပွားရေး ရည်ရွယ်ချက်**

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဖောင်းပွမှုနှင့် မသေချာမရေရာမှုများကို ရင်ဆိုင်ရာတွင် တိုးတက်စေရန်အတွက် ဝင်ငွေကောင်းရန်လိုအပ်သကဲ့သို့ မလိုအပ်သည်များကို မကုန်ကျရန်လည်း ထိန်းသိမ်းရန်အရေးကြီးသည်။ ခြိုးခြံချွေတာခြင်းကို မိမိလုပ်ငန်းတိုးတက်ကြီးပွားရန်ဟူသော ရည်ရွယ်ချက်မျိုးထားနိုင်ရမည်။ လုပ်ငန်းငယ်များအတွက် ကုန်ကျစရိတ်ကို တင်းကြပ်စွာထိန်းသိမ်းခြင်းသည် ငွေကြေးစီးဆင်းမှုကို ခိုင်မာစေသည်။ ထို့ကြောင့် အကျပ်အတည်းကာလများကိုလည်း ကျော်လွှားနိုင်စေသည်။

အသေးစားလုပ်ငန်းများသည် ငွေကြေးနှင့် အရင်းအနှီး၊ အကျိုးအမြတ်များကို သေချာစွာစီမံနိုင်ခြင်းမရှိသဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ကြသည်ကို တွေ့နေရသည်။ ရေရှည်အောင်မြင်သော တိုးတက်လာသောလုပ်ငန်းငယ်များကိုကြည့်လျှင် အသုံးစရိတ်ကို များစွာချွေတာတတ်ကြောင်း တွေ့နိုင်သည်။ အထူးသဖြင့် အသုံးနှင့်အဖြုန်း၊ လိုအင်ဆန္ဒနှင့်လိုအပ်ချက်ကို ကောင်းစွာခွဲခြား ဆောင်ရွက်တတ်သည်ကို တွေ့နိုင်သည်။ လုပ်ငန်းငယ်များတွင် လုပ်ငန်းရှင်သည် အတူလုပ်ကိုင်သူများကိုပါ ခြိုးခြံချွေတာသည့် အလေ့အထကို လိုက်ပါဆောင်ရွက်စေရန် လေ့ကျင့်ပေးထားသင့်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သည့် Reduce, Recycle and Reuse ဟူသည့်လျှော့ချခြင်း၊ ပြန်လည်ဖန်တီးခြင်းနှင့် ပြန်လည်သုံးစွဲခြင်း ဟူသော ကမ္ဘာသုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရင်းအမြစ်များ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ကိုလည်း လိုက်နာဆောင်ရွက်သင့်သည်။

ခြိုးခြံချွေတာခြင်းသည် ငွေကြေးစီးဆင်းမှု Cash Flow ကို ခိုင်မာစေပြီး အကျပ်အတည်းကာလများကို ကျော်လွှားနိုင်စွမ်းရှိသည်။ ထို့ပြင် အရင်းအနှီးစုဆောင်းခြင်းကို ပိုမိုလာစေပြီး စားစရိတ်နှင့် အသုံးစရိတ်များကို ချွေတာခြင်းကြောင့်ရလာသည့် ပိုလျှံငွေများဖြင့် လုပ်ငန်းကို ထပ်မံတိုးချဲ့နိုင်မည်ဖြစ်သည်။ လုပ်ငန်းအတွက် လိုအပ်သည့်စက်ပစ္စည်း အဆင့်မြှင့်တင်ခြင်း သို့မဟုတ် အရေးပေါ်ရန်ပုံငွေအဖြစ်အသုံးချခြင်း စသည်တို့ကိုဆောင်ရွက်နိုင်သည်။

**လူမှုရေးရည်ရွယ်ချက်**

ရေရှည်တည်တံ့သော လူနေမှုစနစ်ဖြစ်ပေါ်ရေး၊ သယံဇာတများ ထိန်းသိမ်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့အတွက် လေလွင့်ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းခြင်းများသည် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းများနှင့်လည်း သက်ဆိုင်လျက်ရှိသည်။ ဥပမာ ဆိုလာစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို မိမိတို့လုပ်ငန်းများတွင် သုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထို့ပြင် သစ်ပင်များစိုက်ပျိုးခြင်း၊ လေထုညစ်ညမ်းစေသည့် အမှိုက်မီးရှို့မှုများမလုပ်ခြင်း၊ စားသောက်စရာများကို အပိုမရှိအောင် အလေအလွင့်မရှိအောင် ဆောင်ရွက်ခြင်းတို့သည်လည်း ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ဆက်စပ်နေသည့်လုပ်ငန်းများဖြစ်ကြသည်။ ထို့ပြင် ပလတ်စတစ်များမသုံးခြင်း သို့မဟုတ် ချွေတာပြီးပြန်လည်သုံးစွဲခြင်းသည်လည်း လူမှုပတ်ဝန်းကျင်အတွက် လိုအပ်သောချွေတာခြင်းများဖြစ်ကြသည်။

**စိတ်ကိုပြင်ပါ**

လုပ်ငန်းရှင်တစ်ဦးသည် ငွေကြေးစီမံခန့်ခွဲရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်တတ်သည်။ သို့သော် မိမိစိတ်ကို ပိုင်နိုင်စွာထိန်းသိမ်းနိုင်ခြင်းမရှိပါက အသုံးနှင့်အဖြုန်းကို မခွဲခြားနိုင်ခြင်း၊ လိုအပ်ချက်နှင့် လိုအင်ဆန္ဒကိုမခွဲခြားနိုင်ခြင်း၊ ပကာသနနောက်လိုက်တတ်ခြင်း စသည့်အချက်များကို ပြုလုပ်မိတတ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်တစ်ဦး အထူးသဖြင့် လုပ်ငန်းငယ်ပိုင်ရှင်သည် လိုအပ်ချက်နှင့် လိုအင်ဆန္ဒကိုကွဲပြားရန်၊ အမှန်တကယ် လိုအပ်ချက်ရှိသည်ကိုသာ ဆောင်ရွက်ရန်၊ ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်ရန်တို့ကို အလေးထားရမည်။ အလေ့အကျင့်ဖြစ်ရန် ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံတွင် လူ့စိတ်သည် ရေရှည်ရရှိမည့်အကျိုးကျေးဇူးထက် ခဏတာချက်ချင်းရရှိမည့်ပျော်ရွှင်မှုနောက်ပါသွားတတ်သည်။ ကိုယ့်စိတ်က ကိုယ့်ဆုံးဖြတ်ချက်ကို မှားယွင်းစေရန် ဘက်လိုက်ဆွဲဆောင်တတ်သည်။ ပိုက်ဆံအနည်းငယ်ချမ်းသာလာသည့်အခါတွင် မူလစီးနေကြကားကို ခေတ်မီခေတ်ပေါ်ကားဖြင့် လဲလှယ်စီးတတ်ကြသည်။ မိမိဖာသာ အကြောင်းပြသည်မှာ လူနေမှုပုံစံမြင့်မားရန်၊ ချမ်းသာမှု၏ ပြယုဂ်တစ်ခုအနေဖြင့် ပြသရန်ဟု ဖြစ်ပြီး လက်ရှိစီးနေသောကားသည် မော်ဒယ်နိမ့်သည်၊ လူကြားထဲဝင်ရာတွင် သူဌေးတစ်ဦး၏ အဆောင်အယောင်နှင့်မတူညီ၊ ပြင်ဆင်ရသည်က များသည် စသည့်ဘက်လိုက်တွေးခေါ်မှုများဖြင့် ငွေကြေးသုံးစွဲတတ်သည်။ အမှန်မှာ ကားလဲစီးရန် နောက်ထပ်တစ်နှစ်၊ နှစ်နှစ် စသည်ဖြင့်စောင့်ဆိုင်းလိုက်လျှင် လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပိုတိုးလာပြီး အကျိုးအမြတ်လည်း ပိုများလာမည် စသည့်အချက်များကို သိလျက်ကျော်လွှား၊ ဘက်လိုက်ဆုံးဖြတ်မိတတ်သည်။ ထိုကဲ့သို့ အချက်များ အပေါ် စိတ်နိုင်ရန်၊ စိတ်ခိုင်ရန်လိုအပ်သည်။ ခြိုးခြံချွေတာသည့် အလေ့အထကိုမွေးမြူကျင့်သုံးနိုင်လာလျှင် စိတ်ကိုလည်းထိန်းနိုင်လာမည်ဖြစ်သည်။ အလေ့အကျင့်မှ အလေ့အထထိဖြစ်စေရန် လိုအပ်သည်။

**❖ စီးပွားရေးလုပ်ငန်းများတွင်သာမက လူနေမှုဘဝတွင်လည်း ဖြစ်ချင်သောဆန္ဒများနှင့် လိုအပ်ချက်များကို သေချာကွဲပြားနေရန်နှင့် လိုအပ်ချက်ဦးစားပေးရေးကို ကျင့်သုံးနေရန်လိုအပ်သည်။ ထို့ကြောင့် ခြိုးခြံချွေတာခြင်းကို စီးပွားရေးလုပ်ငန်းငယ်များအတွက် မဖြစ်မနေ ကျင့်သုံးသင့်သည်။ ခြိုးခြံချွေတာခြင်းသည် ငွေကြေးသုံးစွဲမှုကို လုံးဝဖြတ်တောက်လိုက်ခြင်းမျိုးမဟုတ်ဘဲ အရင်းအမြစ်များကို အကျိုးရှိစွာနှင့် အထိရောက်ဆုံး အသုံးချခြင်းဖြစ်သည်။ ❖**

**ဂျပန်တို့၏ Frugal**

ဂျပန်နိုင်ငံတွင် Frugal ချွေတာရေးနှင့်ဆိုင်သော အတွေးအခေါ်၊ အယူအဆများရှိသည်။ အဆိုပါ Frugal နည်းလမ်းကို ကျင့်သုံးသောသူတစ်ဦးသည် ဇိမ်ခံပစ္စည်းဟုယူဆသော လူ့အသုံးအဆောင်များကို မသုံးစွဲတတ်ဘဲ မဖြစ်မနေလိုအပ်သည့် အသုံးအဆောင်များကိုသာ သုံးစွဲတတ်သည်။ ထိုသို့ပြုမူခြင်းကို လူမွဲဆန်ခြင်းဟုဂျပန်တွင်မမြင်ကြပဲ "ပညာရှိခြင်း၊ အမြော်အမြင်ရှိခြင်း"ဟု သတ်မှတ်ကြသည်။

ဂျပန်ယဉ်ကျေးမှုတွင် အစားအစာတစ်ခု၊ ပစ္စည်းတစ်ခုခုကို ကုန်စင်အောင်စားသောက်သုံးစွဲခြင်းမျိုးမဟုတ်ဘဲ စွန့်ပစ်ခြင်းမျိုးကိုမပြုမူဘဲ ကုန်စင်အောင်၊ သက်တမ်းကုန်အောင် သုံးစွဲလိုက်ခြင်းမျိုးဖြစ်သည်။ ဂျပန်အိမ်များကိုကြည့်လျှင် ရှင်းလင်းနေတတ်ကြသည်မှာ ထိုကဲ့သို့ ရိုးရိုးရှင်းရှင်းနေထိုင်သည့် ဓလေ့စရိုက်နှင့် မလိုအပ်သော အသုံးအဆောင်များ၊ အလှအပပစ္စည်းများကို ဝယ်ယူစုဆောင်းခြင်းမပြုဘဲ နေထိုင်သည့် အလေ့အကျင့်မျိုးကြောင့်ဖြစ်သည်။

အခြေခံအားဖြင့် ဝင်ငွေမည်မျှများစေကာမူ ထွက်ငွေကို မထိန်းသိမ်းနိုင်လျှင် မည်သည့်အခါမျှ ချမ်းသာလာမည်မဟုတ်ပါ။ ဂျပန်၏ Frugal နည်းလမ်းတွင် ပစ္စည်းများကို အများအပြား ပိုင်ဆိုင်ထားခြင်းမျိုးမလုပ်ဘဲ ရိုးရိုးရှင်းရှင်းနေထိုင်ခြင်းမျိုးကို Dan-shari (မလိုအပ်သည်များကို ဖယ်ရှားခြင်း) ဟုခေါ်သည်။ ဤနည်းလမ်းသည် အသုံးစရိတ်များကို သဘာဝကျကျလျှော့ချပေးနိုင်သည်။ ကိုယ်ပိုင်ဘဝတွင်လည်း လိုချင်သည်နှင့် လိုအပ်ခြင်းကို ခွဲခြားတတ်လာပြီး ဝယ်ယူလိုစိတ်ကို ထိန်းသိမ်းနိုင်လာသည်။ ထို့ကြောင့် မိမိတို့၏လုပ်ငန်းအတွင်းတွင်လည်း ဤနည်းလမ်းများနှင့် ချွေတာခြင်းနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် အသုံးစရိတ်ကို ခြိုးခြံချွေတာနိုင်မည်ဖြစ်သည်။

စီးပွားရေးတွင် ခြိုးခြံချွေတာခြင်းသည် ငွေကြေးသုံးစွဲမှုကို ဖြတ်တောက်ခြင်းမျိုးမဟုတ်ဘဲ အရင်းအမြစ်များကို အကျိုးရှိရှိနှင့် ထိရောက်စွာ သုံးစွဲနိုင်ရန် စီမံခန့်ခွဲခြင်းမျိုးဖြစ်သည်။ ငွေကြေးဖောင်းပွနေသည့် အချိန်မျိုးနှင့် မသေချာမရေရာမှုများသော ကာလမျိုးတွင် လုပ်ငန်းငယ်များနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်ကျစရိတ်ကို တင်းကြပ်စွာထိန်းချုပ်ခြင်းက ငွေကြေးစီးဆင်းမှုကို ကြံ့ခိုင်စေနိုင်ပြီး အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးစုဆောင်းခြင်းတွင် မလိုအပ်သည်များကို လျှော့ချခြင်း၊ ဝယ်ယူမှုများကို ရွှေ့ဆိုင်းခြင်း၊ စားစရိတ်၊ ခရီးစရိတ်များကို လျှော့ချခြင်း စသည်တို့သည် အခြားအကျိုးပေးမည့် လုပ်ငန်းများအတွက် စုဆောင်းမှုဖြစ်စေသည်။ လူတိုင်းသည် မိမိတို့၏စီးပွားရေးဆိုင်ရာလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များသည် ကိန်းဂဏန်းများအပေါ်တွင် ကြည့်၍သာ ဆုံးဖြတ်သည်ဟု ထင်တတ်သော်လည်း ဆုံးဖြတ်သူ၏ ပြီးခဲ့သော အတွေ့အကြုံများ၏ လွှမ်းမိုးမှုများ ပါဝင်နေတတ်သည်။

စီးပွားရေး အကျပ်အတည်းကာလများကို ဖြတ်သန်းဖူးသူများက ချွေတာရေး၊ စုဆောင်းရေးကို ဦးစားပေးတတ်သော်လည်း၊ ငွေကြေးလွယ်ကူသည့် ကာလတွင် မွေးဖွားလာသူများက ရဲရဲတင်းတင်း ရင်းနှီးမြှုပ်နှံလိုစိတ်များသည်ဟုဆိုသည်။ အချို့သူများသည် စီးပွားရေးတွက်ခြေကိုက်မှုမရှိသည့်တိုင်အောင် စိတ်ကျေနပ်မှုနှင့် စိတ်လုံခြုံမှုအတွက် ငွေကြေးကို သုံးစွဲတတ်ကြသည်။ မိမိတို့လုပ်ငန်းတွင် စီးပွားရေးတွက်ခြေကိုက်ခြင်းထက် မိမိတို့၏ အိပ်မက်နှင့် စိတ်တည်ငြိမ်မှုအတွက် ဦးစားပေးဆုံးဖြတ်တတ်သည်ဟုဆိုသည်။ ဈေးကွက်အတက်အကျ သို့မဟုတ် လုပ်ငန်းအပြောင်းအလဲများတွင် အမြတ်အစွန်း ကြီးကြီးမြင်ရသည့်အခါတွင် လောဘတက်ကာ အလွန်အကျွံသုံးစွဲတတ်သည်။ အကျပ်အတည်းနှင့် ကြုံလာသည့်အခါမျိုးတွင် စိုးရိမ်ပူပန်ကာ အစစအရာရာ ထိန်းချုပ်တတ်ကြသည်။

ထိုကဲ့သို့ အစွန်းရောက်မှုများကို ရှောင်ရှားရမည်ဖြစ်သော်လည်း နည်းလမ်းတကျ ခြိုးခြံချွေတာခြင်းဖြင့် လုပ်ငန်းကိုရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကအားဖြင့် မိမိလိုအပ်ချက်ထက် ပတ်ဝန်းကျင်က မည်သို့မြင်မည်နည်း၊ အခြားသူများ ဝယ်ယူသုံးစွဲနေသည်ကိုလိုက်၍ သုံးစွဲချင်စိတ်ကို ထိန်းသိမ်းနိုင်မှုမရှိ၍ ကြွေးတင်ခံပြီး ဝယ်ယူမိတတ်သည်များကို ရှောင်ရှားနိုင်ကြရန် လိုအပ်သည်။

စီးပွားရေးလုပ်ငန်းများနှင့် ခြိုးခြံချွေတာရေးဆိုသည်မှာ ကိန်းဂဏန်းများ တွက်ချက်ခြင်းသက်သက်မဟုတ်ဘဲ မိမိ၏စိတ်ဆန္ဒ၊ လောဘ၊ စိုးရိမ်ပူပန်မှုနှင့် ပတ်ဝန်းကျင်ဖိအားများကို မည်သို့ထိန်းကျောင်းစီမံခန့်ခွဲမည်ကို သိရှိခြင်းလည်းဖြစ်၍ စိတ်ကြံ့ခိုင်မှုလည်းရှိရန် လိုအပ်သည်။ ငွေကြေးတွင် အောင်မြင်ရန်မှာ ဉာဏ်ကောင်းရန် လိုအပ်သည်ထက် ကိုယ်ကျင့်တရားနှင့် စည်းကမ်းကောင်းမွန်မှုပေါ်တွင်သာ အဓိကကျသည်ဟု ဆိုသည်။ ထက်မြက်သူများတွင်ပင် စိတ်ထိန်းနိုင်မှုအားနည်းလျှင် ဘဏ္ဍာရေးအရ ပြိုလဲသွားနိုင်သည်ကိုလည်း တွေ့ရတတ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက်လည်းကောင်း၊ အမှားအယွင်းအတိမ်းအစောင်းများကို ကျော်လွှားနိုင်ရန်အတွက်လည်းကောင်း ခြိုးခြံချွေတာခြင်းကို အလေ့အထတစ်ခုသဖွယ်ဖြစ်စေရန် လေ့ကျင့်ထားသင့်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

– Morgan Housel's The Psychology of Money

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တို့မြန်ပြည် လှဂုဏ်တင့်ဖို့

- မျိုးချစ်စိတ် ရှင်သန်ထက်
  အမြင်မှန်လျက် နေထိုင်ကာ၊
  တို့နိုင်ငံ အကျိုးတွက်
  တိုးတက်စေရာ၊
  တစ်ဖက်တစ်လမ်းက ဝန်ထမ်းပါ
  ရွှင်လန်းစွာ အတူတွဲ၊
  အခက်ခဲကြုံ မကြောက်တမ်း
  လျှောက်လှမ်းအမြဲ။

- ဖျက်ရန်စွယ် ရင်ဆိုင်နွှဲ
  ယှဉ်ပြိုင်မြဲ အောင်လံထူ၊
  တို့မြန်မာ တို့အင်အား
  ထင်ရှားသည့်မူ၊
  ညီနောင်သွေးချင်း အတူတူ
  ချစ်ကြည်ဖြူ လက်ချင်းယှက်၊
  ကြင်နာ မေတ္တာထုံး
  အပြုံးမပျက်။

- သမိုင်းစဉ်လာ ခေတ်ဆက်ဆက်
  တိုးတက်၍ ခေတ်မီစေ၊
  တတ်ပညာ ဗဟုသုတ
  ပြည့်ဝစွာပေ၊
  ရိုးသားလျက် ကြိုးစားနေ
  တို့မြန်ပြည် လှဂုဏ်တင့်၊
  ပြည်သူတွေ ညီတူအားနှင့်
  စွမ်းအားတွေမြင့်။ ။

ကိုရွှေတောသား(ဆင်ကူး)

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမစတင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကိုပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းတဲ့ နှမ်းမျိုးတွေစိုက်ပျိုးနိုင်ဖို့ကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းအပါအဝင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများကောင်းမွန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပျော်ဘွယ် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲဒီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မဲဒီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမဲဒီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**အောင်ရဲကျော်**

## မင်းဘူးမြို့နယ် ကံသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကံသစ်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၅ ဦးကို ငွေကျပ် ၃၃၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၉ ဦးကို ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။ **ဇင်မာ**

## ဗင်နီဇွဲလား ရေနံသိုက် ငါးပုံတစ်ပုံကို အမေရိကန်နိုင်ငံ ထိန်းချုပ်ခွင့်ရ

**ဝါရှင်တန် ဩဂုတ် ၂၉**

ဗင်နီဇွဲလား ရေနံသိုက်များ၏ ငါးပုံတစ်ပုံကို အမေရိကန်နိုင်ငံ ထိန်းချုပ်ခွင့် ရရှိရေးအတွက် သဘောတူညီချက်တစ်ရပ် ရရှိထားပြီဖြစ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ဩဂုတ် ၂၈ ရက်တွင် ကြေညာခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန် ကုမ္ပဏီများအနေဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ စွမ်းအင်စက်မှုလုပ်ငန်းကို ပြန်လည်ပြုပြင်နိုင်မည်ဖြစ်ပြီး အမေရိကန်ပြည်တွင်း စွမ်းအင်ဈေးနှုန်းများ လျှော့ချရာတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ရာတွင် အဆိုပါသဘောတူညီချက်အရ အမေရိကန်နိုင်ငံအနေဖြင့် ရေနံစိမ်းစည် ၆၅ ဘီလီယံကျော်ထိရနိုင်သည့် ဗင်နီဇွဲလား ရေနံသိုက်များကို အမေရိကန် ပုဂ္ဂလိက လုပ်ငန်းများမှတစ်ဆင့် ထိန်းချုပ်ခွင့် ရမည်ဖြစ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဗင်နီဇွဲလား ရေနံသိုက်များ၏ တစ်စိတ်တစ်ပိုင်းကို အမေရိကန်နိုင်ငံ ထိန်းချုပ်ခွင့်ဆိုင်ရာ သဘောတူညီချက်ကို ဗင်နီဇွဲလားယာယီသမ္မတ ဒယ်လ်စီရိုဒရီဂတ်ဇ်က ကြိုဆိုစကား ပြောကြားထားသည်။

အဆိုပါ သဘောတူညီချက်သည် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အစိုးရဝင်ငွေကိုလည်း မြှင့်တင်ပေးနိုင်မည်ဟု ဗင်နီဇွဲလား ယာယီသမ္မတက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံသို့ တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ တက်ရောက်မည်



**ဘစ်ရှက်ခ် ဩဂုတ် ၂၉**

ဗဟိုအာရှဒေသ ကာဂျစ်စတန်နိုင်ငံ၌ကျင်းပမည့် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီးညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့ တက်ရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် အက်စ်စီအိုထိပ်သီးညီလာခံသည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ ဩဂုတ် ၃၁ ရက်မှစ၍ နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး အီရန်နှင့် အိန္ဒိယခေါင်းဆောင်များလည်း တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

အက်စ်စီအိုအဖွဲ့ကို ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းတည်ထောင်မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပမည့် အဆိုပါညီလာခံသို့ အက်စ်စီအိုအဖွဲ့ဝင်နိုင်ငံ တစ်ဒါဇင်ခန့်မှ နိုင်ငံအကြီးအကဲများ တက်ရောက်ကြမည်ဖြစ်သည်။

အက်စ်စီအိုအဖွဲ့ကို ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဗဟိုအာရှနိုင်ငံ လေးနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

အက်စ်စီအို ဖွဲ့စည်းတည်ထောင်မှု ၂၅ နှစ်ပြည့် ထိပ်သီးညီလာခံကာလအတွင်း ရုရှားသမ္မတပူတင်အနေဖြင့် အီရန်သမ္မတပီဇက်ရှ်ကီအန်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုစည်းမျဉ်းသစ်များကို အကြမ်းဖက်မှုအဖြစ် အီရန်နိုင်ငံပြောကြား

**တီဟီရန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ၏ စီးပွားရေး အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များကို အစိုးရတစ်ရပ်က တိုက်ရိုက်ပြုလုပ်သော အကြမ်းဖက်မှုအဖြစ် အီရန်အစိုးရက ဩဂုတ် ၂၈ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခြောက်လကြာ အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ရပ်တန့်နေချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အီရန်နိုင်ငံအပေါ် ဘဏ္ဍာရေးအရအပြစ်ပေး အရေးယူမှုများ မြှင့်တင်ပြုလုပ်လာခဲ့သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေး အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များကြောင့် အီရန်နိုင်ငံအနေဖြင့် စီးပွားရေးပြဿနာများ ပိုမိုကြီးထွားလာမှုနှင့် ရင်ဆိုင်လာရပြီး ပြည်တွင်းမငြိမ်သက်မှုများ ပေါ်ထွက်လာမည့်အရေးကို အီရန်အစိုးရက စိုးရိမ်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် နိုင်ငံတကာ တရားဥပဒေများအရ အမေရိကန်အစိုးရက အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို လက်မခံသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

အီရန်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် ပြီးခဲ့သည့်လအတွင်း ၆၆ ရာခိုင်နှုန်းထိ ရှိခဲ့ရာ အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံရင်ဆိုင်နေရသော စီးပွားရေးဖိအားပိုမိုပြင်းထန်လာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အနောက်ဘက်ကမ်းဒေသ၌ လေကြောင်းတိုက်ခိုက်မှု အစ္စရေးပြုလုပ်

**ဂျေရုဆလင် ဩဂုတ် ၂၉**

အနောက်ဘက် ကမ်းဒေသ၌ ဩဂုတ် ၂၈ ရက်တွင် ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုအတွင်း ဟားမတ်စ်အုပ်စုစစ်ရေးခေါင်းဆောင်တစ်ဦးနှင့် လက်အောက်ခံနှစ်ဦးတို့ကို ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဩဂုတ် ၂၈ ရက် လေကြောင်းတိုက်ခိုက်မှုကို အနောက်ဘက်ကမ်းဒေသမြောက်ပိုင်း ဂျီနင်းဒေသတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါလေကြောင်း တိုက်ခိုက်မှုအတွင်း ရှင်းလင်းနိုင်ခဲ့သော ဟားမတ်စ်အုပ်စု စစ်ဆင်ရေးမှူးဆီတာဝီသည် အစ္စရေးအရပ်သားများနှင့်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများပြုလုပ်ရာတွင် ကြိုးကိုင်စီစဉ်ခဲ့သူ တစ်ဦးဖြစ်ကြောင်း အစ္စရေးတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အနောက်ဘက် ကမ်းဒေသသည် ၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ အစ္စရေး-အာရပ် စစ်ပွဲကာလအတွင်း အစ္စရေးတပ်မတော်က စတင်သိမ်းပိုက်ခဲ့သော ပါလက်စတိုင်းနယ်မြေဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်းအနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းလူမျိုးများအပေါ် အစ္စရေးအခြေစိုက်နေထိုင်သူများက တိုက်ခိုက်မှုများ၊ အစ္စရေးတပ်မတော်၏စီးနင်းတိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။

အစ္စရေးနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း အနောက်ဘက်ကမ်းဒေသမြောက်ပိုင်း၌ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာတွင် ပါလက်စတိုင်း အရပ်သား ထောင်ပေါင်းများစွာ အိုးအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## ယခုရက်သတ္တပတ်ရေဘေးကြောင့် ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ ရှိနိုင်ကြောင်း နီပေါနိုင်ငံပြောကြား



**ခတ္တမန္ဒူ ဩဂုတ် ၂၉**

ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သော ရေဘေးကြောင့် နီပေါနိုင်ငံအနေဖြင့် ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ လေးဘီလီယံနှင့် ငါးဘီလီယံကြား လိုအပ်နိုင်သည်ဟု နီပေါဘဏ္ဍာရေးဝန်ကြီး ဆွာနင်းမ်ဝါဂဲလ်က ယနေ့တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရေဘေး အလွန်ကာလ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက် နီပေါနိုင်ငံ လိုအပ်သည့် ငွေပမာဏမှာနီပေါနိုင်ငံ၏ နှစ်စဉ်စုစုပေါင်း ပြည်တွင်း စီးပွားရေး ထုတ်လုပ်မှုတန်ဖိုး၏ ၁၀ ပုံ တစ်ပုံခန့်နှင့် ညီမျှကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်တွင် ရေခဲပြင်ပြိုကျပြီးနောက် ဟိမဝန္တာတောင်ပေါ်မြစ်တစ်ခုအတွင်း ရေခဲများ၊ ရွှံ့များ၊ ကျောက်သားများကျရောက်မှုကြောင့် ဖြစ်ပွားခဲ့သည့် ရုတ်တရက်ရေလွှမ်းမိုးမှု အတွင်း နီပေါနှင့် တရုတ်နိုင်ငံ တိဗက်ဒေသတို့၌ လူဦးရေ ၆၀၀ ကျော် သေဆုံးခဲ့ပြီး ၂၀၀၀ ကျော် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်က ရုတ်တရက်ရေလွှမ်းမိုးမှုများကြောင့် နီပေါနှင့် တရုတ်နယ်စပ်ဒေသများရှိ မြို့များ၊ တံတားများ၊ လမ်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပျက်စီးခဲ့ရသည်။

အဆိုပါ ရေဘေးကြောင့် နီပေါနိုင်ငံလိုအပ်မည့် ပြန်လည်တည်ဆောက်ရေး စရိတ်သည် ၂၀၁၅ ခုနှစ် မြေငလျင်ကပ်ဘေးအတွက်သုံးစွဲခဲ့ရသော ပြန်လည်တည်ဆောက်ရေး စရိတ်ထက် ပိုနည်းနိုင်သည်ဟု နီပေါ ဘဏ္ဍာရေးဝန်ကြီးက ပြောကြား ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မိခင်ကြယ်ကို အလွန်နီးကပ်စွာလှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ရေကမ္ဘာတစ်စင်းကို နက္ခတ္တရူပသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



ရောမ ဩဂုတ် ၂၉

မိခင်ကြယ်ကို အလွန်နီးကပ်စွာ လှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ရေကမ္ဘာတစ်စင်းကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် နှစ်ဆခွဲပိုမိုကြီးမားသော အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၃၅ နှစ်အကွာတွင်တည်ရှိသော HD 176071 b အမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း အီတလီသုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် HD 176071 b အမည်ရှိ အဆိုပါဂြိုဟ်၏ဒြပ်ထုမှာ ကမ္ဘာဂြိုဟ်ထက် ရှစ်ဆခွဲ ပို၍များပြားရာ ၎င်းဂြိုဟ်ကို ရေဓာတ် ၅၀ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် သဘောဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

HD 176071 b ဂြိုဟ်သည် မိခင်ကြယ်ကို မိုင်ပေါင်း ၁ ဒသမ ၅ သန်းအကွာမှတစ်ဆင့် ၁၄ နာရီလျှင် တစ်ပတ်ကျ အနီးကပ်လှည့်ပတ်နေသော်လည်း ရေဓာတ်နှင့် လေထုလွှာကို အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ဆက်ထိန်းထားနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အီတလီ သိပ္ပံပညာရှင်များသည် HD 176071 b ဂြိုဟ်ကို ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်နှင့် တက်စ်ဂြိုဟ်တုတို့၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို စင်းရေ ၆၀၀၀ ကျော်ထိ ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ရေယုန်ကြီးရောဂါကာကွယ်ဆေးက နှလုံးရောဂါနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်

လန်ဒန် ဩဂုတ် ၂၉

ရေယုန်ကြီးရောဂါ ကာကွယ်ဆေး(Shingles Vaccine) သည် နှလုံးရောဂါများ ဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၆၀ နှင့်အထက်ရှိသူများအနေဖြင့် ရေယုန်ကြီးရောဂါကာကွယ်ဆေး ထိုးနှံထားပါက နှလုံးပြဿနာများကြောင့် အသက်ဆုံးပါးရမှု ထောင်ပေါင်းများစွာကို နှစ်စဉ်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ရေယုန်ကြီးရောဂါကာကွယ်ဆေးသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ရေယုန်ကြီးရောဂါသည် Chickenpox Virus ခေါ် ဗိုင်းရပ်စ်တစ်မျိုး ပြန်လည်နိုးထလာမှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါတစ်မျိုးဖြစ်ပြီး အသက်ကြီးလာချိန်တွင် ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုမှာလည်း ပို၍အန္တရာယ်ကြီးလာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရေယုန်ကြီးရောဂါကာကွယ်ဆေးသည် ရေယုန်ကြီးရောဂါကို ကာကွယ်နိုင်သည့်အပြင် အဓိက နှလုံးကျန်းမာရေး ပြဿနာများ ပေါ်ထွက်လာနိုင်ခြေကိုလည်း ၁၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# နာဆာက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို စပေ့စ်အိတ်ကုမ္ပဏီ အာကာသယာဉ်တပ်ဆင်ရေးအလုပ်ရုံသို့ ပို့ဆောင်ခဲ့

ဝါရှင်တန် ဩဂုတ် ၂၉

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ကနေဒီအာကာသစခန်း ပစ်စင်အမှတ် ၃၉ အေရှိစပေ့စ်အိတ်ကုမ္ပဏီအာကာသယာဉ်တပ်ဆင်ရေး အလုပ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကိုအာကာသယာဉ်ကာကွယ်ရေးစနစ်အတွင်း ထည့်သွင်းခဲ့ပြီးနောက် စပေ့စ်အိတ်၏ အာကာသယာဉ်တပ်ဆင်ရေးရုံသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်တပ်ဆင်ရေးရုံတွင် နာဆာနှင့် စပေ့စ်အိတ်တို့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စူပါဟဲဗီးဒုံးပျံယာဉ်တွင် တပ်ဆင်ပေးသွားမည်ဖြစ်သည်။



နာဆာနှင့် စပေ့စ်အိတ်ကုမ္ပဏီတို့သည် ဩဂုတ် ၃၀ ရက်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားသည်။

နာဆာနှင့် စပေ့စ်အိတ်တို့သည် လွှတ်တင်ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စပေ့စ်အိတ်အာကာသယာဉ်တပ်ဆင်ရေးရုံသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာတွင် နေရာယူ၍ စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# Cialis ဆေးက အမြင်အာရုံဆုံးရှုံးနိုင်သော မျက်စိရောဂါဖြစ်ပွားနိုင်ခြေနှင့်ဆက်စပ်နေ

လန်ဒန် ဩဂုတ် ၂၉

ပန်းသေပန်းညှိုးရောဂါနှင့် ဆီးကျိတ်အရွယ်အစား ပုံမှန်ထက် ကြီးမားလာမှုတို့ကို ကုသရာတွင် အသုံးပြုသည့် Cialis အမည်ရှိ ဆေးဝါးတစ်မျိုးသည် အမြင်အာရုံဆုံးရှုံးနိုင်သော မျက်စိရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Cialis တွင်ပါဝင်သည့် Tadalafil ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် မျက်စိရေတိမ်ရောဂါ(Glaucoma) ဖြစ်ပွားနိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

မျက်စိရေတိမ်ရောဂါသည် ဆိုးရွားသည့် မျက်လုံးရောဂါတစ်မျိုးဖြစ်ပြီး အချိန်မီကုသခြင်းမရှိခဲ့ပါက အမြင်အာရုံဆုံးရှုံးသွားနိုင်သည့် မျက်စိရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ပန်းသေပန်းညှိုးရောဂါနှင့် ဆီးကျိတ်အရွယ်အစားကြီးမားလာမှုတို့အတွက် Cialis ဆေးသုံးစွဲနေရသော အသက် ၄၀ အထက် အမျိုးသားဦးရေ ၇၄၀၀၀ ခန့်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြရာ Cialis ဆေးတွင်ပါဝင်သော Tadalafil ဓာတုဒြပ်ပေါင်းသည် မျက်စိရေတိမ်ရောဂါဖြစ်နိုင်ခြေ ၂၆ ရာခိုင်နှုန်းမြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



# အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို လွှတ်တင်

ဝါရှင်တန် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၂၈ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တဲ့ရေယာဉ်ပေါ်သို့ ၂၄ ကြိမ်မြောက်အဖြစ် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၀၁ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်များအနက် ၇၈ ခုတို့မှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# U.S. Open အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် စဝီယာတက်နှင့် ဇီယူဝမ်တို့တွေ့ဆုံ




ဝါရှင်တန် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ပထမအဆင့်တွင် ပိုလန်တင်းနစ်မယ်စဝီယာတက်နှင့် တရုတ်တင်းနစ်မယ် ဇီယူဝမ်တို့တွေ့ဆုံနေကြောင်း APGA Tennnis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

U.S. Open တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ဩဂုတ် ၃၀ ရက်မှစတင်ပြီး စက်တင်ဘာ ၁ ရက်ထိ ကျင်းပမည်ဖြစ်ကာ စဝီယာတက်နှင့် ဇီယူဝမ်တို့ပွဲစဉ်သည် စက်တင်ဘာ ၁ ရက်တွင် ကစားရမည်ဖြစ်သည်။

လက်ရှိကမ္ဘာ့အဆင့်(၈) နေရာတွင်ရပ်တည်နေသည့် စဝီယာတက်သည် ယခုလအစောပိုင်းက ကနေဒါနိုင်ငံတွင် ကျင်းပခဲ့သည့် ကနေဒါ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သကဲ့သို့ အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်တက်ရောက်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အလားတူ ကမ္ဘာ့အဆင့်(၈၂) နေရာတွင် ရပ်တည်နေသည့် တရုတ် တင်းနစ်မယ်ဇီယူဝမ်သည်လည်း စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲကစားခဲ့ပြီး စတုတ္ထအဆင့်၌ အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : APGA Tennnis

Trs : STA

# မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်ထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အလွတ်တန်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်ကစားလိုသူများအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထားပြီး ဖုန်း ၀၉-၂၅၀၁၈၀၄၀၅ထံ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ကစားလိုသူများအနေဖြင့်ပြိုင်ပွဲဝင်ကြေးအဖြစ် အလွတ်တန်းပြိုင်ပွဲများအတွက် ငွေကျပ် ၁၀၀၀၀၀၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အောက် ပြိုင်ပွဲများအတွက် ငွေကျပ် ၅၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ပွဲစဉ်ဇယား ရေးဆွဲခြင်းနှင့် အသက်စိစစ်ခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီမှစတင် လုပ်ဆောင်မည်ဖြစ်ကာ နယ်ဘက်မှ လာရောက်ယှဉ်ပြိုင်သူများကို အားကစားနှင့် ကာယပညာဦးစီးဌာနသို့ သတင်းပို့ပြီး သုဝဏ္ဏအားကစားကွင်းရှိ အိပ်ဆောင်များတွင် တည်းခိုနေထိုင်နိုင်မည်ဖြစ်ကြောင်းသိရသည်။ STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ရောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် ၂၀၂၆–၂၀၂၇ ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ဒဂုံစတားအသင်းအတွက်သွင်းဂိုးများကိုပွဲချိန် ၁၆ မိနစ်တွင် သီဟဇော်၊ ပွဲချိန် ၈၉ မိနစ်တွင် ရန်ကျော်ထွေးတို့ကသွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းတွင် ရောဝတီယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီးပွဲချိန် ၁၁ မိနစ်တွင် ခိုင်ရဲဝင်းက ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်းပွဲချိန်၂၇ မိနစ်တွင် လှမင်းချစ်နှင့် ပွဲချိန်မိနစ် ၃၀ တွင် မောင်တော့ပ်တို့က ရောဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များအဖြစ် ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSCအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒေသာ အားကစားကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

# နော်တင်ဟမ်အသင်းနှင့် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် လီဗာပူးအသင်း ပရီးမီးယားလိဂ် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံး

လန်ဒန် ဩဂုတ် ၂၉

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညပိုင်းက ကစားခဲ့သည့်လီဗာပူးအသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် လီဗာပူးအသင်းအတွက် နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း Opta.com သတင်းဝက်ဘ်ဆိုက်ကဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည်အိမ်ကွင်းတွင် လက်ခံကစားခဲ့ရသော်လည်း နော်တင်ဟမ်အသင်း၏ အကောင်းဆုံးပြင်ဆင်လာမှုများကြောင့် အခက်တွေ့ခဲ့ကာ ပွဲချိန်မိနစ် ၂၀ တွင် အန်ဒိုယီက နော်တင်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းတွင် နော်တင်ဟမ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပွဲချိန်မိနစ် ၆၀ တွင် အီဆက်က လီဗာပူးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၇၀ တွင် ပင်နယ်တီမှတစ်ဆင့် ဂစ်ပ်ိုက်က နော်တင်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူခဲ့သော်လည်း ပွဲပြီးဆုံးခါနီး ပွဲချိန် ၈၉မိနစ်တွင် မူနေ့ဇ်က လီဗာပူးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီးလီဗာပူးအသင်းအတွက် နှစ်ပွဲဆက်သရေရလဒ်ထွက်ပေါ်ခဲ့ကာ နိုင်ပွဲဆက်လက်ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပွဲစဉ်(၁)တွင် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်၌ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သကဲ့သို့ ယခုပွဲစဉ်(၂)တွင်လည်း နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်၌ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲစဉ် (၃) အဖြစ်လာမည့် စက်တင်ဘာ ၅ ရက်တွင် အစ်ဗာ့စ်အသင်းနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Opta.com

Trs : STA

# အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒို အသင်းတွင်လိဂ်သွင်းဂိုး အများဆုံးကစားသမားအဖြစ်ရပ်တည်ခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်ရန်ပိုမိုနီးစပ်လာ

ရီယာ့ဒ် ဩဂုတ် ၂၉

အယ်လ်နာဆာ အသင်း တိုက်စစ်မှူး စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် အယ်လ်နာဆာအသင်းနှင့် အယ်လ်တာဝမ်အသင်းတို့ ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် အသင်းတွင်လိဂ်သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် အတွက်လည်း ပိုမိုနီးစပ်လာခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။




အယ်လ်နာဆာ အသင်းက အယ်လ်တာဝမ်အသင်းကို အိမ်ကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်၌ ပွဲချိန်မိနစ် ၅၀ တွင်အသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့ကာ အယ်လ်နာဆာ အသင်းနှင့်အတူ ဆော်ဒီပရိုလိဂ် ပြိုင်ပွဲတွင် လိဂ်သွင်းဂိုး ၁၀၄ ဂိုးရှိလာခဲ့ပြီးနောက် အသင်း ကစားသမားဟောင်း အယ်ဆာလာဝီ၏ လိဂ်သွင်းဂိုး ၁၀၃ ဂိုးကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်ခဲ့ပြီး အယ်လ်နာဆာ အသင်းအတွက် လိဂ်သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အလားတူ စီရော်နယ်ဒိုသည် အယ်လ်တာဝမ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၉၇၈ဂိုး ထိရှိလာခဲ့ကာ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးဘောလုံး ကစားသမားတစ်ဦးဖြစ်လာရန်အတွက် သွင်းဂိုး ၂၂ဂိုးသာလိုအပ်နေပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားမယူမီ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားဖြစ်လာရန် နီးစပ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## ဗြိတိန်ကျွန်းစုဧရိယာ ဂန်စီးကျွန်းတွင် လောင်ကျွမ်းနေသော တောမီး အဆောက်အအုံများဆီသို့ ကူးစက်နေ



**လန်ဒန် ဩဂုတ် ၂၉**

ဗြိတိန်ကျွန်းစုဧရိယာတွင် ပါဝင်သော ဂန်စီးကျွန်း၌ တောမီး လောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် အခြေခံအဆောက်အအုံများဆီသို့ကူးစက်လောင်ကျွမ်းနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ (EPA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် တောမီးကို ထိန်းချုပ်နိုင်အောင် ကြိုးစားနေပြီး ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ကြိုးစားငြိမ်းသတ်နေသော်လည်း မိုးလေဝသအခြေအနေကြောင့် တောမီးမှာ ထိန်းချုပ်ရခက်ခဲနေဆဲ ဖြစ်သည့်အတွက် လေကြောင်းအကူအညီ ရယူသွားမည်ဖြစ်ကြောင်း EPA က ထုတ်ပြန်ခဲ့သည်။

"ဂန်စီးကျွန်းမှာ တောမီး လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေဆီ ကူးစက်နေတဲ့အတွက် တောမီးကို အရေးပေါ်အဆင့် သတ်မှတ်ထားပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်အောင်တော့ ကြိုးစားပေးနေပါတယ်။ ဒါပေမဲ့ အပူချိန်မြင့်တက်နေတဲ့အတွက် တောမီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပါတယ်။ လေကြောင်း အကူအညီပါမှ အချိန်မီ ထိန်းချုပ်နိုင်မဲ့အခြေအနေဖြစ်နေပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုနှုန်းက မျှော်လင့်ထားတာထက်ကို မြန်ဆန်နေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းပေးထားတဲ့ ဒေသခံတွေအတွက် ယာယီကယ်ဆယ်ရေး စခန်းတွေ စီစဉ်ပေးထားပါတယ်" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီ (EPA) မှ ပြောရေးဆိုခွင့်ရှိသူ ကွီစနယ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းတွင် လူဦးရေ ၉၀၀၀ ကျော်ထိ မြေပြိုကျမှုဖြင့် ရင်ဆိုင်နေရ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းတွင် မြေပြိုကျမှုဖြစ်ပေါ်နေပြီး လူဦးရေ ၉၀၀၀ ကျော်ထိ မြေပြိုကျမှုအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဘေးလွတ်ရာရွှေ့ပြောင်းနေရသော ဒေသခံများကို ကယ်ဆယ်ရေး ဝန်ထမ်းများက ကူညီပေးနေသကဲ့သို့ ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်နေသော ပြည်သူများကိုလည်း ကြက်ခြေနီအသင်းက ဆောင်ရွက်ပေးနေကြောင်း၊ ဒေသခံများမှာ အစိုးရ၏ကူညီပံ့ပိုးမှုများလိုအပ်နေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း အကူအညီများ လိုအပ်နေကြောင်း ကြက်ခြေနီအသင်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ဟိမဝန္တာတောင်တန်းအနီးတစ်ဝိုက်ဒေသတွေမှာ မြေပြိုကျမှုကြောင့် ဒေသခံတွေ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပါတယ်။ မြေပြိုကျမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်သူတွေ အယေအာက် ၉၀၀၀ ကျော် ရှိလာပါတယ်။ မြေပြိုကျမှု စတင်ဖြစ်ပွားစဉ်ကတော့ မြေပြိုကျမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရသူတွေ သိပ်မများသေးဘူး။ ဒါပေမဲ့ တောင်ကျရေတွေကြောင့် မြေပြိုကျမှုအန္တရာယ် ပိုဆိုးလာပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေ မြင့်တက်လာပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ သွားရောက် ဆောင်ရွက်ပေးတဲ့နေရာမှာ လမ်းပိတ်ဆို့မှုတွေကြောင့် သွားလာရေး ခက်ခဲနေပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ အကူအညီတွေ လိုအပ်နေပါတယ်" ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းမှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်ဖစ်ရှာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## တရုတ်နိုင်ငံ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂျီရောင်းဆိပ်ကမ်းတွင် မြေပြိုမှုဖြစ်ပွားပြီး လူခုနစ်ဦး သေဆုံး၊ ၅၅၄ ဦး ပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂျီရောင်းဆိပ်ကမ်းတွင် ဩဂုတ် ၂၈ ရက်က မြေပြိုမှုဖြစ်ပွားပြီး လူခုနစ်ဦး သေဆုံးကာ ၅၅၄ ဦး ပျောက်ဆုံးနေကြောင်း ဒေသအရေးပေါ် စီမံခန့်ခွဲမှုဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

မြေပြိုမှု ဖြစ်ပွားရာနေရာသို့ သဘာဝအရင်းအမြစ်နှင့် သက်ဆိုင်ရာဌာနများမှဝန်ထမ်း ၂၁၄၁ ဦးနှင့် ကယ်ဆယ်ရေး အထူးကျွမ်းကျင်ဝန်ထမ်း ၈၆ ဦးကို စေလွှတ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် အနီးပတ်ဝန်းကျင်ရှိ တောင်စောင်းများ၊ လမ်းများနှင့် အခြားအရေးကြီးသော နေရာများတွင် ဘူမိဗေဒဆိုင်ရာ အန္တရာယ်များကို စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ ထို့ပြင် နောက်ဆက်တွဲဘေးအန္တရာယ်များ မဖြစ်ပွားစေရန် အဆက်မပြတ် စောင့်ကြည့်ရေးစခန်းတစ်ခုကိုလည်း အရေးပေါ် ဆောင်ရွက်ထားကြောင်း သိရသည်။



လက်ရှိတွင် မြေပြိုမှုကြောင့် လမ်း၏ တစ်ကီလိုမီတာခန့် ပိတ်ဆို့နေမှုကို ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယာဉ်ကြော ပြန်လည်ဖြတ်သန်းနိုင်ရန် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါမြေပြိုမှုသည် ဩဂုတ် ၂၆ ရက်က နီပေါနိုင်ငံဘက်ခြမ်းတွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှု၏ နောက်ဆက်တွဲသက်ရောက်မှု ဖြစ်နိုင်ကြောင်း ဒေသအရေးပေါ် စီမံခန့်ခွဲ မှုဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Sputnik News

Trs : KZ

## အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် သစ်တောဧက ၈၅၁၀၀၀ ကျော် ပျက်စီးခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများဖြစ်ပွားပြီး လက်ရှိအချိန်ထိ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၈၅၁၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း ယနေ့ထုတ်ပြန်သည့် ပြည်နယ်မီးဘေးဆိုင်ရာ အချက်အလက်များအရ သိရသည်။

တောမီးလောင်ကျွမ်းခဲ့သည့် ဧရိယာမှာ ယခုနှစ် ဇူလိုင်လအတွင်း ဧက ၄၂၅၀၀၀ ခန့်သာရှိခဲ့ရာမှ ဩဂုတ်လအတွင်း နှစ်ဆကျော် မြင့်တက်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း တောမီးလောင်သည့်နေရာ ၁၄၅၆ နေရာရှိပြီး အထူးသဖြင့် ပြည်နယ်အရှေ့ပိုင်းဒေသတွင် ဩဂုတ် ၁ ရက်က စတင်ကာ တောမီးများကြောင့် နေအိမ် ၈၃၀ ကျော် ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် တောမီးများကြောင့် အချို့ဒေသများတွင် ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်ချက်များနှင့် သစ်တောပိတ်ထားမှုများ ဆက်လက်ရှိနေပြီး မီးငြိမ်းသတ်ရေးအဖွဲ့များက တောမီး လောင်ကျွမ်းနေသည့် ဒေသများတွင် မီးငြိမ်းသတ်မှုများ ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

ဝါရှင်တန်ပြည်နယ်တွင် မိုးခေါင်မှု၊ အပူချိန်မြင့်မားမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် တောမီးအန္တရာယ် ပိုမိုမြင့်တက်လာခြင်းဖြစ်ပြီး ပြည်နယ်အစိုးရက ဩဂုတ် ၁ ရက်တွင် ပြည်နယ်တစ်ခုလုံး တောမီး အရေးပေါ်အခြေအနေ ကြေညာခဲ့ကာ စက်တင်ဘာ ၃၀ ရက်ထိ စိုက်ပျိုးရေးဆိုင်ရာ မီးရှို့မှုအများစုကို တားမြစ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## ကနေဒါနိုင်ငံ အိုဂါနာဂန်နယ်မြေမြောက်ဘက်ပိုင်းတွင် မိုးခေါင်မှုကြောင့် မြစ်ချောင်းများအတွင်း ဆယ်လ်မွန်ငါးများ သေဆုံးမှုဖြစ်ပွား

**အော့တဝါ ဩဂုတ် ၂၉**

ကနေဒါနိုင်ငံ အိုဂါနာဂန်နယ်မြေ မြောက်ဘက်ပိုင်းတွင် မိုးခေါင်မှုဖြစ်ပေါ်နေပြီး မိုးခေါင်မှုကြောင့် ဆယ်လ်မွန်ငါးများ သေဆုံးမှုဖြစ်ပွားနေကြောင်း ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဆယ်လ်မွန်ငါးများ သေဆုံးမှုကို တာဝန်ရှိသူများက သွားရောက်စစ်ဆေးနေပြီး မိုးခေါင်မှုကြောင့် ရေပမာဏကျဆင်းပြီး ရေအောက်အပူချိန်မြင့်တက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကနဦး အတည်ပြုထားသော်လည်း ဓာတ်ခွဲခန်းများတွင် လိုအပ်သောစစ်ဆေးမှုများပြုလုပ်နေကြောင်း၊ ရေထုအရင်းအမြစ်အတွင်း တစ်စုံတစ်ရာ ပြဿနာ ရှိနိုင်သည့်အတွက် ဆယ်လ်မွန်ငါးများ သေဆုံးသည့် မြစ်ချောင်းများမှ ရေများအသုံးပြုခြင်းကိုလည်း ယာယီတားမြစ်ထားကြောင်း ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ထားသည်။

"အိုဂါနာဂန်နယ်မြေ မြောက်ဘက်ပိုင်းဒေသတွေမှာ မိုးခေါင်မှု ဖြစ်ပေါ်နေပါတယ်။ မိုးခေါင်မှုကြောင့် မြစ်ချောင်းတွေမှာ ရေပမာဏ ကျဆင်းနေတဲ့အပြင် ရေအောက်မှာ အပူချိန်မြင့်တက်နေတဲ့အတွက် ဆယ်လ်မွန်ငါးအများစု အလိုအလျောက်သေဆုံးမှုတွေ ဖြစ်ပေါ်နေပါတယ်။ ငါးတွေ သေဆုံးတဲ့ မြစ်ချောင်းတွေက ရေတွေကို အသုံးမပြုကြဖို့အတွက် ယာယီတားမြစ်ချက် ထုတ်ပြန်ထားပါတယ်"ဟု ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ခေတ်စားလာသော ကိုယ်အလေးချိန်လျှော့ချဆေးများ

**မန္တလာဆရာမျိုး**



ယနေ့ခေတ်တွင် ကိုယ်အလေးချိန်ပိုခြင်း (Overweight) နှင့် အဝလွန်ခြင်း (Obesity – အဝလွန်ရောဂါ) သည် အလှအပနှင့်ပတ်သက်သော ပြဿနာတစ်ခုမျှသာ မဟုတ်တော့ဘဲ ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသော အရေးကြီးသည့် ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာသည်။ အဝလွန်ခြင်းသည် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အိပ်နေစဉ်အသက်ရှူရပ်ခြင်း (Sleep Apnoea – အိပ်နေစဉ်အသက်ရှူလမ်းကြောင်းပိတ်ဆို့၍ အသက်ရှူခဏခဏရပ်ခြင်း၊ အဆစ်အမျက်ရောဂါများနှင့် ကင်ဆာအမျိုးအစားအချို့ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေနိုင်သည်။ ထို့ကြောင့် ကိုယ်အလေးချိန်ကိုသင့်တင့်သောအတိုင်းအတာသို့လျှော့ချခြင်းသည် အလှအပအတွက်သာမက ကျန်းမာရေးကောင်းမွန်စေရန်အတွက်ပါ အရေးကြီးလာသည်။

ယခင်က ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် "အစားလျှော့စား၊ လေ့ကျင့်ခန်းလုပ်" ဟူသော အကြံပြုချက်များကို အဓိကထားခဲ့ကြသော်လည်း အဝလွန်ခြင်း၏ ဇီဝကမ္မဖြစ်စဉ်များကို ပိုမိုနားလည်လာသည်နှင့်အမျှ အဝလွန်ခြင်းကို လူတစ်ဦး၏ စိတ်ခတ်မခိုင်မာမှု၊ အစားမထိန်းနိုင်မှုဟုသာ မမြင်တော့ဘဲ ရေရှည်စီမံကုသရန် လိုအပ်သည့် နာတာရှည်ရောဂါတစ်မျိုးအဖြစ် ပိုမိုလက်ခံလာကြသည်။ မျိုးရိုးဗီဇ၊ ဟော်မုန်းများ၊ အစားစားချင်စိတ်ကိုထိန်းချုပ်သည့် ဦးနှောက်စနစ်၊ အိပ်စက်မှု၊ စိတ်ဖိစီးမှု၊ နေထိုင်မှုပုံစံနှင့် ပတ်ဝန်းကျင်တို့က ကိုယ်အလေးချိန်အပေါ် သက်ရောက်နိုင်သည်။

ထိုအခြေအနေတွင် မကြာသေးမီနှစ်များအတွင်း ထိုးဆေးအပါအဝင် ကိုယ်အလေးချိန်လျှော့ချရာတွင် ထိရောက်မှုကောင်းသော ဆေးဝါးအမျိုးအစားသစ်များ ပေါ်ပေါက်လာပြီး ကမ္ဘာတစ်ဝန်းတွင် အလွန်စိတ်ဝင်စားမှုများလာသည်။ အချို့ဆေးများသည် မူလက သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ရန် တီထွင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အစားစားချင်စိတ်ကို လျော့နည်းစေကာ ကိုယ်အလေးချိန်လျှော့ချရာ၌ ထိရောက်မှုရှိကြောင်း တွေ့ရှိလာသဖြင့် အဝလွန်ခြင်းကုသရေးတွင်ပါ အသုံးပြုလာကြသည်။

ဤဆေးများ၏ အဓိကထူးခြားချက်မှာ အစာမစားနိုင်အောင် အတင်းအကျပ် တားဆီးပေးခြင်း မဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းရှိ အစာစားချင်စိတ်နှင့် ပြည့်ဝမှုကို ထိန်းချုပ်ပေးသော သဘာဝဇီဝဖြစ်စဉ်များအပေါ် သက်ရောက်စေခြင်းဖြစ်သည်။ အစာစားပြီးနောက် "ဝပြီ၊ ပြည့်ပြီ"ဟူသော အာရုံကို ဦးနှောက်သို့ ပိုမိုထိရောက်စွာ ရောက်ရှိစေခြင်း၊ ဆာလောင်မှုကို လျော့နည်းစေခြင်း၊ အစာအိမ်မှ အစာများအူသို့ဆင်းသွားသည့်နှုန်းကို နှေးကွေးစေခြင်းတို့ကြောင့် အစားအစာပမာဏ အလိုအလျောက်လျော့နည်းလာနိုင်သည်။ ထို့ကြောင့် လူအချို့တွင် ယခင်က အစားအသောက် ထိန်းချုပ်ခြင်းနှင့် လေ့ကျင့်ခန်းတစ်ခုတည်းဖြင့် မရရှိနိုင်ခဲ့သည့် ကိုယ်အလေးချိန်လျော့ကျမှုကို ရရှိလာနိုင်သည်။

"ကိုယ်အလေးချိန် ကျစေတဲ့ဆေး" ဆိုသည့် စကားလုံးတစ်လုံးတည်းကိုသာမြင်ပြီး အလွယ်တကူ သုံးစွဲသင့်သည့်ဆေးဟု ယူဆခြင်းသည် မှားယွင်းသည်။ ဆေးတစ်မျိုးသည် အကျိုးရှိလေလေ ထိုဆေးကို မည်သူသုံးသင့်သည်၊ မည်သူမသုံးသင့်သည်၊ မည်သည့်ပမာဏဖြင့် စတင်သင့်သည်၊ မည်သို့တဖြည်းဖြည်း ပမာဏပြောင်းလဲသင့်သည်နှင့် မည်သည့်ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်သင့်သည်တို့ကို ပိုမိုသတိထားရန် လိုအပ်လာသည်။

ကိုယ်အလေးချိန်လျှော့ချရန် အသုံးပြုသော ဆေးအမျိုးအစားအချို့တွင် အများဆုံးတွေ့ရသော ဘေးထွက်ဆိုးကျိုးများမှာပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဗိုက်ဖောင်းခြင်း၊ လေပွခြင်း၊ ရင်ပူခြင်းနှင့် အစာမကြေခြင်းတို့ဖြစ်ကြသည်။ အထူးသဖြင့် ဆေးစတင်သုံးစွဲသည့်အချိန် သို့မဟုတ် ဆေးပမာဏ တိုးသည့်အချိန်များတွင် ပိုမိုတွေ့ရနိုင်သည်။

လူအများစုတွင် ထိုလက္ခဏာများမှာ အချိန်ကြာလာသည်နှင့် လျော့နည်းသွားနိုင်သော်လည်း လူတိုင်းတွင် ထိုသို့မဟုတ်ပါ။ အန်ခြင်း၊ ဝမ်းလျှောခြင်းများ ပြင်းထန်လာပါက ခန္ဓာကိုယ်တွင်း ရေနှင့်ဓာတ်ဆားများဆုံးရှုံး၍ ရေဓာတ်ခန်းခြောက်ခြင်းဖြစ်နိုင်သည်။ ရေဓာတ်အလွန်အမင်း ခန်းခြောက်ပါက သွေးပေါင်ကျခြင်း၊ မူးဝေခြင်းနှင့် ကျောက်ကပ်လုပ်ငန်း ထိခိုက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ အထူးသဖြင့် အသက်ကြီးသူများ၊ ကျောက်ကပ်ရောဂါရှိသူများနှင့် အခြားဆေးဝါးများစွာ သောက်သုံးနေရသူများတွင် ပို၍သတိထားရန်လိုသည်။

ထို့ပြင် ကိုယ်အလေးချိန် လျင်မြန်စွာကျဆင်းခြင်းသည် သည်းခြေအိတ်နှင့်ဆိုင်သော ပြဿနာများ ဖြစ်ပေါ်နိုင်ခြေကို တိုးစေနိုင်သည်။ သည်းခြေကျောက်ဖြစ်ပေါ်ခြင်း၊ သည်းခြေအိတ်ရောင်ခြင်း စသည်တို့ဖြစ်နိုင်သည်။ ညာဘက်အပေါ်ဝမ်းဗိုက်တွင် ပြင်းထန်စွာနာကျင်ခြင်း၊ အဖျားတက်ခြင်း၊ ပျို့အန်ခြင်း သို့မဟုတ် မျက်လုံးနှင့်အရေပြား ဝါလာခြင်းတို့ ဖြစ်လာပါက ဆေးသုံးနေသည်ဟူသောအချက်ကို ဆရာဝန်အား အသိပေးပြီး စစ်ဆေးသင့်သည်။

ရှားပါးသော်လည်း သတိထားရမည့် အခြေအနေတစ်ခုမှာ ပန်ကရိယရောင်ခြင်းဖြစ်သည်။ ဝမ်းဗိုက်အပေါ်ပိုင်းတွင် မခံမရပ်နိုင်အောင်နာကျင်ပြီး နောက်ကျောဘက်သို့ ထိုးနာခြင်း၊ အဆက်မပြတ်အန်ခြင်း စသည့် လက္ခဏာများပေါ်လာပါက သာမန်ဆေးဘေးထွက်ဆိုးကျိုးဟုထင်ပြီး အိမ်တွင် စောင့်မနေဘဲ ဆေးကုသမှု ခံယူသင့်သည်။

ဆီးချိုရောဂါရှိသူတစ်ဦးက အခြားသွေးချိုကျဆေးအချို့နှင့် တွဲဖက်အသုံးပြုနေပါက သွေးတွင်းသကြားဓာတ် အလွန်ကျဆင်းခြင်း ဖြစ်နိုင်ခြေကိုလည်း ဆရာဝန်က ထည့်သွင်းစဉ်းစားရသည်။ ချွေးအလွန်ထွက်ခြင်း၊ တုန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်း၊ အားနည်းခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ဖြစ်လာပါက သွေးတွင်း သကြားဓာတ် ကျဆင်းခြင်း ရှိ၊ မရှိ စစ်ဆေးရန် လိုသည်။ ထို့ကြောင့် "သူများသုံးလို့ ကိုယ်လည်းသုံးမယ်" ဆိုသည့် စိတ်မျိုးဖြင့် မသုံးသင့်ပါ။ ဆေးတစ်မျိုးတည်းကို အသက်အရွယ်၊ ကိုယ်အလေးချိန်နှင့် ကျန်းမာရေးအခြေအနေ မတူညီသော လူအားလုံးတွင် တစ်ပုံစံတည်းသုံးစွဲ၍ မရနိုင်ပါ။

ယခုအခါ Social Media များတွင် ကိုယ်အလေးချိန်လျှော့ချဆေးများနှင့်ဆက်စပ်၍ သေဆုံးမှုများ ရှိနေကြောင်း ရေးသားထားသော သတင်းများကို မကြာခဏ တွေ့လာရသည်။ ထိုသတင်းများကို ဖတ်ရာတွင် "ဆေးသုံးခဲ့ပြီးနောက် ဖြစ်ပေါ်သည့် အဖြစ်အပျက်" နှင့် "ဆေးကြောင့် ဖြစ်ပေါ်သည့်အဖြစ်အပျက်" တို့ကို ခွဲခြားနားလည်ရန် အလွန်အရေးကြီးသည်။ ဥပမာ ဆေးတစ်မျိုးသုံးစွဲနေသူတစ်ဦးတွင် ပြင်းထန်သောရောဂါတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်လာပါက ဆေးဝါးဘေးကင်းရေး စောင့်ကြည့်ရေးစနစ် (Pharmacovigilance) သို့ သံသယဖြစ်ဖွယ် ဖြစ်ရပ်အဖြစ် တင်ပြနိုင်သည်။ ယင်းကို Adverse Event Report (ဆေးသုံးစွဲနေစဉ် ဖြစ်ပေါ်လာသော မလိုလားအပ်သည့်ဖြစ်ရပ် တင်ပြချက်)ဟု ဆိုနိုင်သည်။ သို့သော် အဆိုပါတင်ပြချက် ရှိနေခြင်းတစ်ခုတည်းဖြင့် ထိုဆေးက လူနာသေဆုံးရခြင်း၏ တိုက်ရိုက်အကြောင်းရင်းဖြစ်သည်ဟု သက်သေပြထားခြင်း မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ဆေးအသုံးပြုသူအများစုသည် အဝလွန်ခြင်း၊ ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါ စသည့် မူလကျန်းမာရေးပြဿနာများ ရှိနှင့်ပြီးဖြစ်နိုင်သည်။ ထို့ပြင် အသက်အရွယ်၊ အခြားသောက်သုံးနေသော ဆေးဝါးများ၊ ကျောက်ကပ်နှင့် အသည်းအခြေအနေ၊ ရောဂါအခံများ စသည့် အချက်များစွာကလည်း ကျန်းမာရေးဆိုးကျိုးနှင့် သေဆုံးမှုအပေါ် သက်ရောက်နိုင်သည်။ ထို့ကြောင့် သေဆုံးမှုတစ်ခုဖြစ်ပွားတိုင်း "ဆေးကြောင့် သေတယ်"ဟု ချက်ချင်းကောက်ချက်ချ၍ မရသကဲ့သို့ "ဆေးနဲ့ လုံးဝမဆိုင်ဘူး" ဟုလည်း အလွယ်တကူ ပယ်ချ၍မရပါ။ ဖြစ်ရပ်တစ်ခုချင်းစီကို ဆေးပညာနှင့် စာရင်းအင်းဆိုင်ရာအချက်အလက်များဖြင့် စိစစ်ပြီး ဆေးနှင့် ဖြစ်ရပ်ကြားအကြောင်းရင်းဆက်စပ်မှု (Causal Relationship) ရှိ၊ မရှိကို သတ်မှတ်ရန်လိုသည်။

ထို့ကြောင့် Social Media ပေါ်တွင် "ဆေးသုံးသူ လူဘယ်နှဦးသေဆုံးပြီ"ဟူသော ခေါင်းစဉ်ကိုသာဖတ်ပြီး ကြောက်ရွံ့ခြင်း သို့မဟုတ် ဆေးကို လုံးဝမကောင်းဟု သတ်မှတ်ခြင်းထက် သတင်း၏ မူလအရင်းအမြစ်၊ တာဝန်ရှိ ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်နှင့် သေဆုံးမှုများသည် ဆေးကြောင့်ဖြစ်ကြောင်း အတည်ပြုထားခြင်းရှိ၊ မရှိတို့ကို လေ့လာသင့်သည်။

တစ်ဖက်တွင်လည်း အဆိုပါဆေးများကို "နာမည်ကြီးနေပြီ၊ လူတိုင်းထိုးနေကြပြီ၊ ထိုးလိုက်ရင် ပိန်သွားမယ်"ဟူသောအတွေးဖြင့် ပေါ့ပေါ့တန်တန် သဘောထား၍မရပါ။ အထူးသဖြင့် ပုံမှန်ကိုယ်အလေးချိန်ရှိသူများက အလှအပအတွက် ပို၍ပိန်ချင်သောကြောင့် ဆရာဝန်၏ စစ်ဆေးညွှန်ကြားမှုမရှိဘဲ အသုံးပြုခြင်းသည် မသင့်တော်ပါ။

အဝလွန်ခြင်းကုသရာတွင် ဆေးအသုံးပြုသင့်၊ မသင့်ကို ကိုယ်အလေးချိန်တစ်ခုတည်းကြည့်၍ ဆုံးဖြတ်ခြင်း မဟုတ်ပါ။ Body Mass Index (BMI – ကိုယ်ခန္ဓာထုညွှန်းကိန်း)၊ ခါးပတ်လည် အတိုင်းအတာ၊ ဆီးချို၊ သွေးတိုး၊ သွေးတွင်းအဆီဓာတ်၊ နှလုံးသွေးကြောရောဂါ၊ အသည်းအဆီဖုံးခြင်း၊ အိပ်နေစဉ်အသက်ရှူရပ်ခြင်း စသည့် အဝလွန်ခြင်းနှင့် ဆက်စပ်သည့် ရောဂါများ ရှိ၊ မရှိတို့ကိုပါ ထည့်သွင်းစဉ်းစားရသည်။

❖ "ကိုယ်အလေးချိန် ကျစေတဲ့ဆေး"ဆိုသည့် စကားလုံးတစ်လုံးတည်းကိုသာမြင်ပြီး အလွယ်တကူ သုံးစွဲသင့်သည့်ဆေးဟု ယူဆခြင်းသည် မှားယွင်းသည်။ ဆေးတစ်မျိုးသည် အကျိုးရှိလေလေ ထိုဆေးကို မည်သူသုံးသင့်သည်၊ မည်သူမသုံးသင့်သည်၊ မည်သည့်ပမာဏဖြင့် စတင်သင့်သည်၊ မည်သို့တဖြည်းဖြည်း ပမာဏပြောင်းလဲသင့်သည်နှင့် မည်သည့်ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်သင့်သည်တို့ကို ပိုမိုသတိထားရန် လိုအပ်လာသည်။ ❖

ဆက်လက်ဖော်ပြပါမည်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နှင့် ပန်းစေတီလှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ အခမ်းအနားနှင့် ပန်းစေတီလှည့်လည်ပူဇော်ပွဲကို ဩဂုတ် ၂၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

အဆိုပါ မေတ္တာအခါတော်နေ့ အခမ်းအနားနှင့် ပန်းစေတီလှည့်လည်ပူဇော်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၅ နာရီ မိနစ် ၃၀ မှစတင်ကာ ရွှေတိဂုံစေတီတော်ကြီး ရင်ပြင်တော်တွင် အရှေ့ဆွမ်းတော်ဆက်ကပ်ပူဇော်ခြင်း၊ အသံမစဲ မေတ္တာပို့ အောင်ပွဲပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူး ပြည်သူများက စေတီတော်မြတ်ကြီးကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများ ကပ်လှူပူဇော်ခဲ့ကြသည်။

"ပန်းစေတီလှည့်လည်ပူဇော်ပွဲအနေနဲ့ကတော့ ပန်းပေါင်း ၈၄၀၀၀ နဲ့ ဆင်ယင်ထားတဲ့ ပန်းစေတီတွေကို ရင်ပြင်တစ်ပတ် ပင့်ဆောင်လှည့်လည်ကာ အာရုံခံမုခ်ဦးတွေက ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်တို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြပါတယ်။ ဆက်လက်ပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှာ ဩဝါဒါစရိယ ဆရာတော်ကြီးတွေထံကနေ ကိုးပါးသီလခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုပစ္စည်းတွေ ဆက်ကပ်လှူဒါန်းပြီးတော့ ရေစက်ချ အမျှဝေခဲ့ပါတယ်" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

မေတ္တာအခါတော်နေ့တွင် ရန်ကုန်မြို့ခံများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်ပေါ်သို့ လာရောက်ကာ ဥပုသ်သီလဆောက်တည်ခြင်း၊ အသံမစဲ မေတ္တာပို့သခြင်းနှင့် ကုသိုလ်ကောင်းမှုပြုခြင်းတို့ဖြင့် သဒ္ဓါကြည်ဖြူစွာပါဝင် ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

ASH

# Lionsgate ၏ Naruto ဇာတ်ကား၌ မင်းသား ချားမယ်တန် ပါဝင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၂၉

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Naruto ရုပ်ရှင်ဇာတ်ကား၌ မင်းသား ချားမယ်တန်ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ချားမယ်တန်သည် Naruto ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် Lionsgate ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိပါက ချားမယ်တန်သည် Naruto ဇာတ်ကား၌ ကာကာရှိဟာတာကီအမည်ရှိ အဓိကဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Naruto ဇာတ်ကားသည် နာမည်ကျော် ဂျပန်အင်နီမေးရှင်းဇာတ်ကားများကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Naruto အင်နီမေးရှင်းဇာတ်ကားများသည် နာရူတိုအူဇိမာကီအမည်ရှိ နင်ဂျာလူငယ်တစ်ဦး၏ စွန့်စားခန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော အင်နီမေးရှင်းဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်ဒန်နီရယ်ခရက်တန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# ပေါင်းတည်မြို့နယ်၌ ၁၂၉ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်

ပေါင်းတည် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၁၂၉ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွယ်တော် ဂေါပကအဖွဲ့ဝင် ဦးအေးဝင်းထံမှ သိရသည်။

ပေါင်းတည်မြို့နယ် သကျမုနိမိုးဃ်ကောင်းဘုရားကြီးတိုက်ဂန္ဓကုဋိ ရွှေတိုက်တော်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်ကို နှစ်စဉ်အပူဇော်ခံမြဲဖြစ်သော တော်သလင်းလဆန်း ၁၃ ရက်မှ ၁၅ ရက် (စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်)ထိ သုံးရက်တိုင်တိုင် အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာလဲ အရင်နှစ်တွေနည်းတူ အစဉ်အလာမပျက် ကျင်းပသွားမှာ ဖြစ်ပါတယ်။ သကျမုနိမိုးဃ်ကောင်းဘုရားကြီးတိုက်အတွင်းရှိ တစ်နှစ်တာကိန်းဝပ်စံပယ်နေတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာစဉ်ကြုတ်တော် ဖွင့်လှစ်ပြီး မနက် ၈ နာရီကနေ ညနေ ၄ နာရီထိ အပူဇော်ခံမှာဖြစ်ပါတယ်။ ရဟန်းရှင်လူပြည်သူတွေ ဖူးမြော်ကြည်ညိုနိုင်စေဖို့ ရည်ရွယ်ပြီး မြို့ပေါ် ၁၂ ရပ်ကွက်မှာ လှည့်လည်အပူဇော်ခံမှာဖြစ်ပါတယ်"ဟု ဦးအေးဝင်းက ပြောပြသည်။



ယခင်နှစ်က ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲကို တွေ့ရစဉ်။

ဗုဒ္ဓမြတ်စွယ်တော်ကို နှစ်စဉ် အပူဇော်ခံမြဲဖြစ်သော တော်သလင်းလဆန်း ၁၃ ရက်မှ ၁၅ ရက်ထိ ရွှေကျောင်းဆောင်ပေါ် ပင့်ဆောင်ထားရှိလျက် ပကတိအတိုင်းပူဇော်နိုင်ကြစေရန် မြတ်စွယ်တော်ကို ဖုံးအုပ်ထားသော ရတနာစဉ်ကြုတ်တော်ကို ဖွင့်လှစ်အပူဇော်ခံမည် ဖြစ်ကြောင်း သိရသည်။

ASH

# Apple ကုမ္ပဏီ၏ လျှို့ဝှက်ဆန်းကြယ်ဇာတ်ကား၌ မင်းသမီး အဒဲအက်ဆာချိုပေါလပ် ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၉

Apple Original Films ရုပ်ရှင်ကုမ္ပဏီ၏ လျှို့ဝှက်ဆန်းကြယ်ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး အဒဲအက်ဆာချိုပေါလပ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

တရားဝင် ဇာတ်ကားနာမည်ကြေညာခြင်းမရှိသေးသော အဆိုပါဇာတ်ကားတွင် အဒဲအက်ဆာချိုပေါလပ်သည် မင်းသမီးဖိုးကရာဗစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသမီး အဒဲအက်ဆာချိုပေါလပ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Apple ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မီဂန်းပါ့ကတာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

မင်းသမီး အဒဲအက်ဆာချိုပေါလပ်သည် Blue Is the Warmest Colour ဇာတ်ကားဖြင့် ထင်ရှားခဲ့သော မင်းသမီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် စည်သူလွင်၊ ဇော်ပိုင်၊ ဖိုးကာတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ ပြုလုပ်မည်

မန္တလေး ဩဂုတ် ၂၉

တေးသံရှင် စည်သူလွင်၊ ဇော်ပိုင်၊ ဖိုးကာတို့၏ Brother's Night တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင် စည်သူလွင်၊ ဇော်ပိုင်၊ ဖိုးကာတို့၏ Brother's Night အမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Mystery Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သုံးယောက် ဆုံစည်းမှုကို ပရိသတ်တွေ အမှတ်ရစေဖို့ Brother's Night လို့ ခေါင်းစဉ်ပေးထားပါတယ်။ ကျွန်တော်တို့ရဲ့ သီချင်းတွေကို ခံစားချက် အမြင့်ဆုံးထိရောက်ရှိအောင် Mystery Music Band ကလေ Live Performance နဲ့ အကောင်းဆုံး တီးခတ်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ခံစားချက်အပြည့်နဲ့ သီချင်းနားဆင်ရုံတင်မဟုတ်ဘဲ Pop Rock Music နဲ့အတူ ရင်ထဲက အမှတ်တရတွေကို ဘော်ဒါတွေနဲ့အတူဆိုကြဖို့ The Square Theater Bar က ပြုလုပ်တဲ့ Brother Night Music Concert မှာ ဆုံကြမယ်နော်"ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

Brother's Night တေးဂီတဖျော်ဖြေပွဲကို The Square Theater Bar ၌ စက်တင်ဘာ ၁၁ ရက် ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# President U Min Aung Hlaing inspects progress of livestock breeding farms in Twantay Township




**President U Min Aung Hlaing views river watercourse and urban development from the Myanmar-Korea friendship (Dala) bridge.**

**Nay Pyi Taw August 29**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Union ministers, the Yangon Region chief minister, the commander of Yangon Command and officials, inspected progress of livestock breeding farms in Twantay Township, Yangon Region, this afternoon.

First, the President arrived at the livestock breeding zone briefing hall in Twantay Township. Yangon Region Chief Minister U Aung Naing Thu explained the formation of committees for each zone to promote the development of livestock breeding businesses; the phased implementation of livestock breeding zones; the raising of chickens, ducks, pigs, goats, cattle, fish and quails in the respective zones; the production and sale of meat, fish and eggs from the livestock breeding zones; the provision of sufficient water to the zones through solar-powered water pumping and distribution systems; measures to ensure adequate electricity supply in each zone; the construction of farm-to-market roads; the planting of shade trees and windbreaks; the production of sufficient animal feed for each livestock breeding zone through feed factories; and the implementation of guidance given by the Head of State during his inspection of the Twantay livestock breeding zone.

In response to the presentations, the President said that agricultural and livestock breeding zones were being implemented to adequately meet the daily needs for meat, fish, various kinds of eggs and vegetables of more than seven million, or approximately eight million, people in Yangon Region, and to enable them to purchase and consume these products sufficiently at affordable prices. The President emphasized that, in planning and implementing measures for the development of a region or a country, it is essential to ensure that comprehensive and accurate ground-level data are available. Plans must be formulated based on calculations derived from such data and implemented successfully. The President also stressed that responsible officials of the respective Region and State governments must make systematic plans and arrangements to ensure that the public can purchase and consume sufficient meat, fish and eggs at affordable prices. In addition, land allocated for agricultural and livestock breeding activities must be systematically supervised to prevent it from being used for other purposes.

There are three methods of livestock breeding: cage system, semi-intensive rearing, and free-range grazing. Each method must be carried out systematically in accordance with the appropriate techniques. Under the cage system, animals must be provided with sufficient and adequate feed and water. In carrying out agricultural and livestock breeding activities, four essential factors—good breeds, land, water and technology—are indispensable. Production can only be increased when quality breeds appropriate to each type of livestock are used. Just as fertilizers need to be applied during land preparation for agricultural production, sufficient animal feed must also be provided for livestock breeding. Therefore, the adequate volume of animal feed must be produced. Similarly, as sufficient irrigation and water supplies are essential for agricultural activities, livestock must also have access to adequate supplies of clean water. To systematically conduct livestock breeding and improve productivity and yields, systematic livestock breeding plans must be put in place, covering the required amount of breeding space according to the number of animals, water and feed requirements, animal health needs, and continuous breeding and production. The responsible officials of the Region Government have to make concerted efforts to promote livestock breeding activities in the livestock breeding zones in Twantay Township and systematically formulate and implement plans to enable the people living in the Region to purchase and consume meat, fish and eggs at affordable prices.

The President and party viewed round efforts in carrying out livestock breeding tasks in the zone and gave necessary guidance in response to the report of the officials.

After inspecting the Yangon-Twantay road by car, the President and party proceeded to the Myanmar-Korea friendship (Dala) bridge where the President gave guidance to the officials on maintenance of the river's watercourse and urban development measures.

MNA



**President U Min Aung Hlaing inspects a cattle farm at Twantay livestock breeding zone.**

# U.S. consumer sentiment sinks 11 pct year-on-year

**Washington August 29**

U.S. consumer sentiment dropped about 11 percent in August from a year earlier, according to data released Friday by the University of Michigan.

The decline came amid continued concerns that inflation will remain elevated for the foreseeable future, according to the university's widely watched consumer sentiment index.

Sentiment declined across all political groups in August, with the drop particularly pronounced among Republicans, the report said.

Moreover, groups typically less-equipped to absorb increases in the cost of living also recorded sharper declines in sentiment, including older consumers, lower- and middle-income consumers, and those without stock holdings, according to the report.

Some experts said the findings, together with a confluence of other economic factors, pointed to growing pressure on U.S. consumers.

"With inflation running above 3 percent, anemic job growth, and flat real incomes, there's nothing much to make households happy," Gary Hufbauer, a nonresident senior fellow at the Peterson Institute for International Economics, told Xinhua.

Amid ongoing policy uncertainty, including the conflict with Iran, consumers expect gasoline prices to rise further both in the short and long term, according to the report.

Beyond the pocketbook concerns that have long shaped consumers' views of the economy, they are increasingly worried that economic conditions elsewhere could also be weakening, the report said.

Xinhua

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects collective reinforcement efforts and preventive measures carried out at the eroded section of the Nyaungdon Kyun Embankment near Ganchaung village, Nyaungdon Township, Ayeyawady Region, gives necessary instructions for short-term prevention and long-term maintenance programs



**President U Min Aung Hlaing inspects the eroded section of the Nyaungdon Kyun Embankment.**

**Nay Pyi Taw August 29**

On 25 August, bank erosion occurred along a 300-foot by 45-foot section of the Nyaungdon Kyun Embankment. The affected area is located between the 11/6-mile and 11/7-mile markers near Ganchaung village, Nyaungdon Township, Ayeyawady Region. The damage was caused by the strong currents of the Toe River, a distributary of the Ayeyawady River. President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by officials, inspected the collective reinforcement efforts and provided necessary instructions.

First, the President proceeded to the affected area through Yangon-Maubin route and observed the formation of waterlogged areas, clogging of water flow paths, inundated areas along the route.

The President and party arrived at the affected area, and heard a report on riverbed erosion within the Toe River, the shifting of a two-mile long deep-water current, located approximately 4,500 feet from the starting point of the Toe River, a distributary of the Ayeyarwady River, towards Mayu/Chaungphya, Chaunggyi, Ganchaung, and Htonwa villages, annual bank collapses and severe losses at the villages due to riverbank erosion, the loss of over 1000 acres of agricultural land during a period of 40 years starting from 1980 and formation of a 850-acre alluvial island on the other side of the river, annual bank erosion of an area from 150 feet to 265 feet near Ganchaung village, erection of about 12 specific types of embankments at the west of the original embankment during the FY 2000-2001 and the current FY to prevent floods in the locality, driving wood piling and sand filling at the foot of Nyaungdon Embankment, supporting the embankment with sand bags, supporting the 2nd bund slope with sand bags, and laying of geo textile to prevent erosion of pan bund, long-term programs to prevent bank erosion at Daunkgyi, Nangate, Tawkyaung, Paukjyaung, Kazintaw, Kyaungsu, Kathawin villages in Pantanaw Township, Chaunggyi, Banchaung, Hleseil villages in Maubin Township, and development of waterways of the Ayeyawady, presented by Union Minister for Agriculture, Livestock and Irrigation U Min Naung, Ayeyawady Region Chief Minister U Aye Kyaw, and officials.

Regarding the reports, the President said efforts must be made to ensure proper flow of river to reduce bund erosions and floods in the coming years along the rivers. To do so, water flow, inflow and outflow of all rivers, tributaries and creeks, and river beds levels must be checked regularly and the results must be recorded through research programs. Long-term programs must be adopted to study, undertake necessary maintenance of waterways, and dredging. These programs will prevent natural disasters triggered by floods. As water cannot flow from upstream to downstream, floods occur in the surrounding areas. Hence, the relevant ministries must constantly study the water flow situation of all rivers and creeks across the country and must lay down and implement river maintenance and restoration programs annually.

Ministries must also carry out dredging and removing river islands systematically. Arrangements are underway to use solar-powered dredgers to safe fuel oil. Plans should be adopted and implemented to carry out dredging at all rivers in Myanmar including the Ayeyawady. In this way, the nation can reduce the occurrence of floods to a large extent. Vital short-term flood prevention programs must be carried out in time to reduce floods all across the country. Moreover, careful calculation must be made for long-term maintenance programs. If the areas that can be clogged are removed properly, there will be proper water flow and the extent of floods can be reduced. The collapse of the part of the embankment due to erosion can be repaired in time and preventive measures must be taken at the sections of other embankments that are vulnerable to erosion.

At present, **countries around the world are experiencing various natural disasters. Drawing lessons from the recent flooding in Nepal, it is necessary to take into consideration potential issues arising from the consequences of climate change and systematically plan and implement disaster prevention measures with long-term benefits in mind**.

It is also necessary to accelerate efforts, mobilizing all available resources, to complete as soon as possible the ongoing temporary measures to prevent further erosion of the Nyaungdon Kyun embankment, where water erosion has recently occurred, as well as the erosion-control measures being undertaken at the weakened section of the Ngawun Dam in Laymyethna Township, Hinthada District.

At the same time, systematic surveys should be conducted to assess the impacts of flooding on local residents' homes, agriculture and socioeconomic livelihoods. All responsible authorities and relevant departments should make coordinated efforts to provide necessary assistance, rescue and relief in a timely manner and ensure that residents face no difficulties in their daily living and access to food.

The relevant responsible organizations should systematically clear and maintain the drainage channels along both sides of the Yangon–Maubin Road to prevent blockages. Flooding can only be reduced when drainage routes remain unobstructed. Road embankments should also be raised at locations along the road where water is overflowing, while other necessary measures should be undertaken, he instructed.

The President then inspected the temporary measures being carried out to protect the Nyaungdon Kyun embankment against water erosion, including driving stakes and filling sandbags at the foot of the embankment, reinforcing the embankment base with sandbags, supporting the base of the original embankment's second-bund slope with sandbags, constructing a temporary auxiliary embankment, constructing a riverside bund slope, and laying geotextile material to prevent erosion of the eastern slope of the temporary auxiliary embankment. Following the reports submitted by officials, the President instructed that repairs to the embankment should not merely address the current situation but should also take into account future rises in water levels, so that the structure can withstand such conditions. He called for the embankment to be systematically reconstructed and repaired, with the necessary machinery, manpower and materials properly mobilized and utilized to complete the work as quickly as possible, along with other necessary measures.

The President subsequently presented cash awards to members of the Tatmadaw, Myanmar Police Force, Myanmar Fire Services Department, social rescue organizations and local residents who had participated in embankment repair and flood prevention activities, according to reports. MNA

# Responding to a Misguided and Speculative Article on the ICJ Case

It has come to my attention that Yuyun Wahyuningrum, a Senior Researcher at the Asia Pacific Center for the Responsibility to Protect, based in Australia, recently published an article on The Interpreter, an online publication of the Lowy Institute, entitled "Starvation as a Weapon: The ICJ Myanmar Case Could Redefine Genocide." The article was published toward the end of July.

The article appeared at a time when the proceedings in the case between Myanmar and The Gambia before the International Court of Justice (ICJ) had reached their final stage, following the conclusion of the oral hearings, and while the parties are awaiting the Court's judgment.

At first sight, the article may appear to be an analysis of international law. However, given the apparent underlying purposes and implications of the arguments advanced, it is necessary to present the views of a Myanmar legal scholar in response to the article.

The author attempts to interpret Article II(c) of the Convention on the Prevention and Punishment of the Crime of Genocide according to her own understanding.

Article II of the Convention defines the acts that may constitute genocide, while Article II (c) concerns the "deliberately inflicting on the group conditions of life calculated to bring about its physical destruction in whole or in part," with the requisite intent to destroy, in whole or in part, a national, ethnical, racial or religious group.

Yet the author, writing from Australia—more than 4,000 miles away from Myanmar—appears to make allegations against Myanmar on the basis of one-sided narratives and information detached from the actual situation on the ground, much as The Gambia, situated more than 7,000 miles away from Myanmar, has done.

The author alleges that, long before the 2017 conflict, which escalated following the mass attacks by the ARSA terrorist group against border security forces in northern Rakhine State, the Myanmar Government deliberately enacted the 1982 Citizenship Law to render the Bengali population in the area—referred to by the author as "Rohingya"—stateless. She further claims that the Government intentionally restricted their freedom of movement and access to property and livelihoods, thereby preventing them from working and earning a living and deliberately subjecting them to starvation. The author further alleges that, following the 2017 events, when some members of the Bengali population left for a neighboring country, the Myanmar Government confiscated their agricultural land, seized the crops that had been planted, and redistributed the land to others.

A closer examination of these allegations, however, reveals a number of unsupported assertions and inconsistencies. Although the author describes herself as a senior researcher, the information presented suggests that the relevant facts have not been systematically collected, examined and analyzed before these allegations were advanced.

For example, the 1982 Citizenship Law was not enacted specifically for the purpose of rendering Bengali communities in Rakhine State stateless. Rather, it was enacted as a nationwide legal framework governing citizenship and the procedures for determining citizenship status throughout Myanmar. Persons who meet the requirements prescribed by law may acquire citizenship under the relevant categories, including associate citizenship and naturalized citizenship. There are, in fact, many people of Bengali origin who hold citizenship certificates or other forms of documentation issued under the applicable legal framework. There are also many individuals whose applications for citizenship status remain under consideration. These are realities that cannot simply be ignored. At the same time, persons who entered Myanmar unlawfully after independence are treated as illegal migrants, regardless of their ethnicity, and are subject to the applicable laws and procedures. This is not unique to Myanmar. Countries around the world enforce their own immigration laws in dealing with persons who enter their territories unlawfully. Australia is no exception. Australia maintains strict immigration controls and operates detention facilities for persons subject to immigration proceedings, including seven facilities within Australia as well as arrangements involving facilities outside the country, including on Nauru. One might therefore reasonably ask the author whether persons held under such arrangements are free to leave those facilities, move wherever they wish, or engage freely in agricultural activities.

In Myanmar, by contrast, members of the Bengali community in areas including Buthidaung and Maungdaw have engaged in agriculture and fish and shrimp farming. Some have also become prominent businesspeople in major cities. These are facts known to Myanmar citizens.

In addition to relying on questionable factual premises, the author's understanding of the applicable legal standards also appears to fall considerably short of established international legal principles. In relation to crimes as grave as genocide, the evidentiary requirements are exceptionally stringent. International judicial practice recognizes the need for compelling evidence capable of establishing the allegations to the requisite standard of proof that must be beyond a reasonable doubt. In criminal law, it is necessary to establish both the requisite mens rea, or criminal intent, and the corresponding actus reus, or prohibited act, through sufficiently reliable evidence.

Against this legal framework, the author's assertion that the enactment of the 1982 Citizenship Law constituted a deliberate act intended to cause starvation is far removed from the applicable legal standards. To claim that the enactment of a citizenship law was itself evidence of an intention to starve a particular group, without establishing the necessary causal and intentional elements, is not a serious application of the law. It amounts to little more than an unsupported accusation.

Nor should the role of the International Court of Justice be misunderstood. The ICJ is the highest international judicial body, and there is no basis for assuming that an individual writing externally to the proceedings can, through personal assertions or speculation, redefine or reinterpret an international convention according to her own preferred understanding.

Article 38 of the Statute of the International Court of Justice sets out the sources of law to be applied by the Court, including international conventions, international custom, general principles of law, and judicial decisions and the teachings of highly qualified publicists as subsidiary means for determining rules of law. The personal opinion expressed in an article such as this does not, in itself, constitute an authoritative reinterpretation of the Genocide Convention. Furthermore, under Article 60 of the Statute of the Court, the judgment of the Court is final. Where a dispute arises concerning the meaning or scope of a judgment, the parties to the case may request an interpretation from the Court. The authority to seek such an interpretation therefore rests with the States participating in the proceedings, not with an outside commentator.

Against this background, the author's intervention in this case—without a sufficiently careful examination of the relevant legal principles or the actual facts on the ground—appears to amount to little more than speculation and unfounded allegations presented as legal analysis.

The situation on the ground also tells a considerably more complicated story than the article suggests. In Rakhine State, persons displaced from their homes and residing in camps administered by the Government have received assistance and support from international organizations. Subject to the applicable laws and security conditions, they have access to livelihood opportunities, education, healthcare and religious practice. International diplomats and journalists have also been invited to visit and observe the situation firsthand. Moreover, persons temporarily displaced by armed clashes have been provided with protection and humanitarian assistance without discrimination on the basis of ethnicity or religion.

These realities are not consistent with the simplistic portrayal presented in the article. Far from being subjected to a policy aimed at the physical destruction of a population, the factual situation includes continued provision of humanitarian assistance, access to basic services and livelihood activities, and engagement with international organizations. Nevertheless, the author appears to have used the considerable influence of international media to promote a particular narrative about Myanmar while disregarding facts that do not fit that narrative. The result is liable to mislead international audiences and to create a distorted and diminished perception of Myanmar and its people. When false or misleading assertions are left unanswered, there is always a risk that repetition will eventually cause them to be accepted as truth. It is therefore necessary to correct errors when they arise and to respond when allegations are presented without adequate factual or legal foundation.

***By a Legal Scholar***

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အစ္စရေးကုမ္ပဏီက DefendAir C-Drone စနစ်အတွက် အမေရိကန်၏ ပထမအကြိမ်အမှာစာလက်ခံရရှိ



အစ္စရေးနိုင်ငံ ကာကွယ်ရေးနည်းပညာကုမ္ပဏီ ParaZero ကုမ္ပဏီသည် အမေရိကန်အစိုးရ အဖွဲ့အစည်းတစ်ခုထံမှ DefendAir C-Drone စနစ်အတွက် ပထမအကြိမ် အမှာစာလက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမှာယူမှုတွင် DefendAir ပိုက်ကွန်ပစ်လွှတ်စနစ်၊ Net Pods များနှင့် အစိုးရဘက်မှ စနစ်အသုံးပြုမည့် အော်ပရေတာများအတွက် လက်တွေ့သင်ကြားပေးမည့်သင်တန်းများ ပါဝင်သည်။ သို့သော် ParaZero ကုမ္ပဏီက အဆိုပါစနစ်မှာယူသည့် အမေရိကန်အစိုးရအဖွဲ့အစည်း၏ အမည်နှင့် မှာယူမှုတန်ဖိုးကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

ParaZero ကုမ္ပဏီဝန်ထမ်းများက ဝယ်ယူသူဘက်မှ အော်ပရေတာများကို စနစ်နှင့် ရင်းနှီးကျွမ်းဝင်စေရေး၊ စနစ်ဖြန့်ကြက်အသုံးပြုရေးနှင့် လက်တွေ့အသုံးပြုမှုတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ထိုသို့သင်တန်းပေးခြင်းသည် စနစ်ကို ဝယ်ယူသူထံ လွှဲပြောင်းပေးရုံသာမက လက်တွေ့အသုံးပြုနိုင်သည့် ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစွမ်းရည်တစ်ရပ်အဖြစ် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ParaZero ကုမ္ပဏီသည် အမေရိကန်ဈေးကွက်အတွင်း ၎င်း၏လုပ်ငန်းတည်ရှိမှုကို ယခုအစိုးရထံမှ အမှာစာမရရှိမီကတည်းက တဖြည်းဖြည်းတိုးချဲ့တည်ဆောက်လာခဲ့သည်။ ယခုနှစ် မေလတွင် ဖလော်ရီဒါပြည်နယ်၌ DefendAir C-Drone စနစ်ကို လက်တွေ့သရုပ်ပြခဲ့ပြီးနောက် ဇွန်လတွင် အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာ ကုမ္ပဏီတစ်ခုထံမှ ပထမဆုံးအမှာစာကို ရရှိခဲ့သည်။

အမေရိကန်အစိုးရထံမှ ပထမဆုံးရရှိသည့် ဝယ်ယူရေးအမှာစာသည် နိုင်ငံတကာတွင် တွေ့မြင်နေရသည့် ပိုမိုကျယ်ပြန့်သော အခြေအနေတစ်ရပ်ကို ထင်ဟပ်နေခြင်းဖြစ်ကြောင်း၊ အစိုးရများနှင့် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ဒရုန်းခြိမ်းခြောက်မှုသည် သီအိုရီအရရှိသည့် ခြိမ်းခြောက်မှုမဟုတ်တော့ကြောင်း ပိုမိုနားလည်လာကြပြီး လူများ၊ အရေးပါသည့်နေရာများနှင့် အရေးကြီးစစ်ဆင်ရေးတာဝန်များကို ကာကွယ်ရန် လက်တွေ့အသုံးချနိုင်သည့် ဖြေရှင်းနည်းများဘက်သို့ ရွေ့လျားလာနေကြောင်း ParaZero ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Ariel Alon က ပြောကြားခဲ့သည်။

DefendAir C-Drone စနစ်သည် ParaZero ကုမ္ပဏီ၏ ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ်ဖြစ်ပြီး ဒရုန်းများကို ပိုက်ကွန်ဖြင့် ပစ်လွှတ်၍တားဆီးသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြားဖြတ်တိုက်ဖျက်ရေးနည်းလမ်းကို အသုံးပြုထားသည်။ အဆိုပါစနစ်တွင် အော်ပရေတာတစ်ဦးချင်းအသုံးပြုနိုင်သည့် သယ်ဆောင်ရလွယ်ကူသော ပိုက်ကွန်ပစ်လွှတ်စနစ်များအပြင် ယာဉ်ပေါ်တပ်ဆင်အသုံးပြုနိုင်သည့် စနစ်များ၊ ပုံသေတပ်ဆင်အသုံးပြုသည့် စနစ်များနှင့် အလိုအလျောက်လုပ်ဆောင်နိုင်သည့်စနစ်များဟူ၍ ဗားရှင်းအမျိုးမျိုး ပါဝင်သည်။

DefendAir C-Drone စနစ်သည် ဒုံးကျည်၊ အမြောက် သို့မဟုတ် ပေါက်ကွဲစေသောခဲယမ်းများကို အသုံးပြုခြင်းမရှိဘဲ ပိုက်ကွန်ကိုပစ်လွှတ်၍ ဝင်ရောက်လာသည့်ဒရုန်းများကို ပိုက်ကွန်အတွင်း ရစ်ပတ်ဖမ်းဆီးကာ ပျံသန်းမှုကို ရပ်တန့်စေခြင်းဖြစ်သည်။ ထိုသို့ တိုက်ဖျက်ခြင်းကြောင့် လူနေထူထပ်သည့်နေရာများနှင့် အရေးကြီး အဆောက်အအုံများကဲ့သို့ သမားရိုးကျလက်နက်များအသုံးပြုပါက ထပ်မံထိခိုက်ပျက်စီးမှုဖြစ်ပေါ်နိုင်သည့် နေရာများတွင် အန္တရာယ်ကို လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ပြင် ParaZero ကုမ္ပဏီသည် DefendAir C-Drone စနစ်ကို အနီးကပ် အကွာအဝေးအတွက် ကာကွယ်ရေးအလွှာတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး ရေဒါ၊ ရေဒီယိုလှိုင်းကြိမ်နှုန်းအခြေပြုနှင့် အလင်းအီလက်ထရွန်နစ်အာရုံခံစနစ်များကဲ့သို့သော ဒရုန်းရှာဖွေထောက်လှမ်းရေးစနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Israel's ParaZero Gets First US Order for DefendAir C-Drone System** ကို ဘာသာပြန်ဆိုထားပါသည်။

# တရုတ်(တိုင်ပေ)က Strong Bow ဟိုက်ပါဆောနစ်ကြားဖြတ်ဒုံးကျည်၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသ

တရုတ်(တိုင်ပေ)၏ National Chung-Shan Institute of Science and Technology(NCSIST)သည် ပြည်တွင်းထုတ် Strong Bow ဟိုက်ပါဆောနစ်ကြားဖြတ်ဒုံးကျည်၏ စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသလိုက်ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Strong Bow ဟိုက်ပါဆောနစ်ဒုံးကျည်ကို Chiang Kung (Strong Bow) သို့မဟုတ် Tien Kung IV (Sky Bow IV) ဟုလည်း ခေါ်ဆိုကြကြောင်း၊ တရုတ်(တိုင်ပေ) ၏ အနာဂတ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိသည်။

NCSIST ၏ ထုတ်ပြန်ထားသော အချက်အလက်များအရ Strong Bow ဟိုက်ပါဆောနစ်ဒုံးကျည်သည် အဆင့်မြင့် Ballistic ဒုံးကျည်များကို ကြားဖြတ်ဖျက်ဆီးရန် ရည်ရွယ်ထားသည့် ရွေ့လျားနိုင်သော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ် တစ်ရပ်ဖြစ်ကြောင်း သိရသည်။ အမြင့် ကီလိုမီတာ ၇၀ ခန့်ထိ ပစ်မှတ်များကို တုံ့ပြန်နိုင်ရန် ဖန်တီးထားပြီး လက်ရှိ အသုံးပြုနေသည့် Sky Bow III နှင့် Patriot PAC-3 စနစ်များကို ဖြည့်စွက်ပေးနိုင်မည့် ကာကွယ်ရေးအလွှာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Strong Bow ဟိုက်ပါဆောနစ်ဒုံးကျည်တွင် အဆင့်နှစ်ဆင့် Solid-Fuel Rocket Motor ကို အသုံးပြုထားပြီး အမြန်နှုန်းဖြင့် ပျံသန်းနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ လမ်းကြောင်းအလယ်ပိုင်းတွင် Inertial Navigation နှင့် မြေပြင်ရေဒါမှ ပေးပို့သည့် လမ်းကြောင်းပြင်ဆင်ချက်များကို အသုံးပြုပြီး နောက်ဆုံးအဆင့်တွင် Active Radar Seeker ဖြင့် ပစ်မှတ်ကို ဆက်လက်ခြေရာခံကာ ကြားဖြတ်တိုက်ခိုက်မည်ဖြစ်သည်။ Strong Bow ဟိုက်ပါဆောနစ်ဒုံးကျည်စနစ်တွင် ဒုံးကျည်တစ်မျိုးတည်းသာပါဝင်ခြင်းမဟုတ်ဘဲ ရွေ့လျားဒေါင်လိုက်ပစ်လွှတ်ယာဉ်၊ Tactical Command Vehicle နှင့် ယာဉ်ပေါ်တပ်ဆင်ထားသည့် AESA ရေဒါတို့ကို ပေါင်းစပ်ထားကြောင်း သိရသည်။



အဆိုပါ AESA ရေဒါသည် ပစ်မှတ်များကို ရှာဖွေခြင်း၊ ခွဲခြားသတ်မှတ်ခြင်းနှင့် ခြေရာခံခြင်းများ ဆောင်ရွက်နိုင်ရန် ဖန်တီးထားပြီး Ballistic ဒုံးကျည်ပစ်မှတ်များကို တစ်ပြိုင်နက်တည်းတုံ့ပြန်နိုင်ရန် ရည်ရွယ်ထားကာ လောင်ချာတစ်စင်းတွင် ကြားဖြတ်ဒုံးကျည် လေးစင်းထိ သယ်ဆောင်ထားနိုင်သည်။

တရုတ်(တိုင်ပေ)သည် Strong Bow ဟိုက်ပါဆောနစ်ဒုံးကျည်စနစ်ကို Sky Bow III နှင့် Patriot PAC-3 တို့နှင့် ပေါင်းစပ်အသုံးပြုကာ မတူညီသောအမြင့်နှင့်အကွာအဝေးမှ ဝင်ရောက်လာနိုင်သည့် လေကြောင်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို အလွှာအလိုက်တုံ့ပြန်နိုင်သည့် Layered Air and Missile Defence Network တစ်ရပ်တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**China's rival reveals 'Strong Bow' hypersonic interceptor specs, offers 93-mile range** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ၏ ရေစီးရေလာအခြေအနေများကို အမြဲမပြတ်လေ့လာဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေရန်လို . . .**

**ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်-မအူပင်လမ်းကြောင်းအတိုင်း ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပွားခဲ့သည့်နေရာသို့သွားရောက်ပြီး လမ်းကြောင်းတစ်လျှောက် ရေဝပ်ဧရိယာဖြစ်ပေါ်နေမှုများ၊ ရေဆင်းလမ်းကြောင်းပိတ်ဆို့နေမှုများ၊ ရေကျော်နေရာဖြစ်ပေါ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများ၊ ပြည်သူများက တိုးမြစ်အတွင်းမြစ်ကြမ်းပြင် ရေတိုက်စားမှုအခြေအနေများ၊ ဧရာဝတီမြစ်ခွဲမှ ခွဲထွက်သွားသည့် တိုးမြစ်၏အစပိုင်း ပေ ၄၅၀၀ ခန့်အကွာ၌မြစ်ကွေ့နေရာတည်ရှိပြီး မြစ်ကွေ့နေရာ နှစ်မိုင်ခန့်အတွင်း ရေနက်စီးကြောင်းသည် မာယူ၊ချောင်းဖျားကျေးရွာ၊ချောင်းကြီးကျေးရွာ၊ ဂန်ချောင်းကျေးရွာ၊ ထုံးဝကျေးရွာတို့သို့ ဦးတည်ရွေ့လျားပြောင်းလဲလာပြီး မြစ်ကမ်းပါး ရေတိုက်စားမှုများကြောင့် နှစ်စဉ်ကမ်းပါးပြိုကျပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများ၊ဂန်ချောင်းကျေးရွာအနီး မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ပေ ၁၅၀ မှ ၂၆၅ ပေခန့်ထိ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ယနေ့ထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း စိုက်ပျိုးမြေများအပါအဝင် စုစုပေါင်း မြေဧရိယာ ဧက ၁၀၀၀ ကျော်ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ မြစ်တစ်ဖက်ကမ်းတွင် မြေနုကျွန်းဧက ၈၅၀ ပေါ်ထွန်းတည်ရှိနေသည့် အခြေအနေများ၊ ဒေသတွင်းရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မူလတာ၏အနောက်ဘက်များတွင် ပန်းတာ၊ဖြတ်တာများကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်ထိ စုစုပေါင်း ၁၂ ခုခန့် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ ယခုညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပွားခဲ့မှုကို ကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပန်းတနော်မြို့နယ်ရှိ ဒေါင့်ကြီး၊ နံ့ဂါတ်၊ တောကျောင်း၊ ပေါက်ချောင်း၊ ကဇင်းတော၊ ကျောင်းစု၊ ကဿဝင်ကျေးရွာများနှင့် မအူပင်မြို့နယ်ရှိ ချောင်းကြီး၊ ဂန်ချောင်း၊ လှည်းဆိပ်ကျေးရွာများ ကမ်းပြိုမှုကင်းဝေးရန်နှင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များရေတိုက်စားမှုဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့ကျစေရေးအတွက် မြစ်ကြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များကို စဉ်ဆက်မပြတ်သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့်ရေကြောင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုများကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ရေစီးဆင်းရာလမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများ အထက်မှ အောက်သို့ မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းသွားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ၏ ရေစီးရေလာအခြေအနေများကို အမြဲမပြတ်လေ့လာဆန်းစစ်သုံးသပ်ပြီးလိုအပ်သည့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေရန်လိုကြောင်း။

ရေလမ်းကြောင်းပေါ်ရှိ မြေနုကျွန်းများ တူးထုတ်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စက်သုံးဆီသုံးစွဲမှုအခက်အခဲမဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားကိုအသုံးပြုသည့် မြေတူးစက်များဖြင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများလျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရသကဲ့သို့ ရေရှည်**





ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို . . .**

**ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု(Climate Change)၏ အကျိုးဆက်များကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လို . . .**

အတွက်လည်းစနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြစ်ချောင်းများတစ်လျှောက် ပိတ်ဆို့နိုင်သည့်နေရာများကို စနစ်တကျရှင်းလင်းဆောင်ရွက်သွားမည်ဆိုပါက ရေစီးဆင်းမှုများကောင်းမွန်ပြီး ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တာကိုယ်ထည်မြစ်ကမ်းရေတိုက်စားမှုကြောင့် ပြိုကျမှုများကို အချိန်မီထိန်းသိမ်းပြုပြင်ဆောင်ရွက်သကဲ့သို့ အခြားတာရိုးများတစ်လျှောက် ရေတိုက်စားနိုင်သည့်နေရာများကိုလည်း ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် ညောင်တုန်းကျွန်းတာရေတိုက်စားမှု ယာယီတားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အမြန်ဆုံးပြီးစီးနိုင်ရေးအတွက်လည်း ရနိုင်သမျှသောအင်အားစုများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

တစ်ချိန်တည်း၌ပင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝထိခိုက်မှုများကိုလည်း စနစ်တကျစစ်တမ်းကောက်ယူသွားရန်လိုကြောင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ထောက်ပံ့မှုများ အချိန်မီပေးအပ်နိုင်ရေးနှင့် ပြည်သူများ၏ နေထိုင်စားသောက်ရေးအခက်အခဲမရှိစေရေး တာဝန်ရှိသူ သက်ဆိုင်ရာဌာနများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရန်ကုန်-မအူပင်သွား ကားလမ်းဘေး ဝဲယာတစ်လျှောက် ရေများမြောင်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းများက စနစ်တကျဖြင့်ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေထွက်လမ်းကြောင်းများ ကောင်းမွန်နေမှသာ ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းတစ်လျှောက် ရေကျော်သည့်နေရာများ၌ လမ်းသားမြှင့်တင်ခြင်းများကိုလည်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တာပေါင်ပြုပြင်ရာတွင် လက်ရှိအခြေအနေကိုသာဖြေရှင်းခြင်းမဟုတ်ဘဲ နောင်တွင် ရေမြင့်တက်လာသည့်အခြေအနေများကိုပါ ခံနိုင်ရည်ရှိစေရေး ထည့်သွင်းတွက်ချက်ကာ စနစ်တကျပြန်လည်တည်ဆောက်ပြုပြင်သွားရန်နှင့် လိုအပ်သည့်စက်ယန္တရား၊ လူအင်အားနှင့် ပစ္စည်းများကို စနစ်တကျစုစည်းအသုံးပြု၍ လုပ်ငန်းများအမြန်ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ကုန်စည်စီးဆင်းမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်း ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၂၉

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ နိုင်ငံတော်ကရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများတိုးပွားရရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရေးအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ယနေ့ဖွင့်လှစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါမြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျော၊ ဖရဲ၊ ငရုတ်၊ ရော်ဘာစသည့် စိုက်ပျိုးရေးသီးနှံပို့ကုန်များနှင့် တစ်ဖက်နိုင်ငံမှ ခွင့်ပြုထားသည့်သွင်းကုန်များကို တရားဝင်ကုန်သွယ်မှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် ယာယီမြေနေရာများ ကွင်းဆင်းရှာဖွေဆောင်ရွက်ခဲ့ရာ ယခုဖွင့်လှစ်သည့် မိုင်းနားကျေးရွာအတွင်း တောင်သူ ဦးတင်မြင့်ပိုင် မြေနေရာအတွင်းရှိ ကုန်ချိန်းကွင်းနေရာ၌ ကုန်စစ်ဆေးရေးစခန်းကိုဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါစခန်းဖွင့်ပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားပြီး ကုန်စစ်ဆေးရေးစခန်းဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်တို့နှင့်အတူ ဖွင့်လှစ်ပေးကာ စခန်းအတွင်း တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို ဌာနဆိုင်ရာအစုအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုနှင့် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကချင်ပြည်နယ်အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် ကံပိုင်တည်-မြစ်ကြီးနား-မန္တလေးလမ်းကြောင်း၊ လွယ်ဂျယ်-ဗန်းမော်-မန္တလေး လမ်းကြောင်းများသည် ၂၀၂၄ ခုနှစ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ယာယီပိတ်ထားခဲ့ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုကိုခံယူ၍ ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ယခုနှစ် မတ်လအတွင်း ရွှေမိုးတောင်ဘုရားမုခ်ဦးမြေနေရာတွင် ယာယီဖွင့်လှစ်ဆောင်ရွက်ခဲ့ကာ အဆိုပါယာယီဖွင့်လှစ်ဆောင်ရွက်စဉ်ကာလအတွင်း သွင်းကုန်၊ ပို့ကုန်ယာဉ်အစီးရေ စုစုပေါင်း ၃၆၂၄ စီးတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅၄၇ သန်းကို ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အောင်ဇေရန်အောင် ဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်အသင်းတော် ဘုရားကျောင်းမြေနေရာများနှင့် အလှူရှင်များ၏ မြေနေရာများတွင် ခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်စခန်း ၂၀ ခုမှ အိမ်ထောင်စုများကို ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဇုန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်းနေထိုင်သည့် ပြည်သူများ အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်. . .**

☆ ကျောဖုံးမှအဆက်

မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဇုန်များအလိုက် ကော်မတီများဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးဇုန်များကို အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဇုန်များ ခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများမွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့်ဥများ ထုတ်လုပ်ရောင်းချနိုင်မှု၊ မွေးမြူရေးဇုန်များအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိမှု၊ ဇုန်များအလိုက် လျှပ်စစ်မီးလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ အရိပ်ရလေကာပင်များစိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများလုံလောက်စွာရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ တွံတေးမွေးမြူရေးဇုန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းတွင် မြေပြင်အခြေခံကိန်းဂဏန်းအချက်အလက်များ ပြည့်စုံပြီးမှန်ကန်မှုရှိရေးသည်အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများ လုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ချထားပေးသည့်မြေနေရာများကို အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွှတ်ကျောင်း၍မွေးခြင်းဆိုသည့် မွေးမြူနည်းသုံးမျိုးရှိကြောင်း၊ ထိုသို့မွေးမြူရာတွင်လည်း နည်းလမ်းများအလိုက် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ လှောင်မွေးခြင်းစနစ်ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့်ရေများ လုံလောက်စွာဖြင့် ပြည့်ပြည့်ဝဝ ကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မျိုးကောင်းမွန်မှသာ ထုတ်လုပ်မှုများ တိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေဩဇာများထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာ ကျွေးမွေးနိုင်ရန်လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်လိုသကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသော ရေလုံလောက်စွာရရှိရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ နည်းစနစ်တကျမွေးမြူပြီး အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာစေရေး အကောင်အရေအတွက်အလိုက်လိုအပ်မည့် မွေးမြူမည့်နေရာပမာဏ၊ ရေ၊ အစာနှင့်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစသည်ဖြင့် စနစ်ကျနသည့် မွေးမြူရေးအစီအမံများရှိရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-တွံတေးသွားကားလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားသို့ရောက်ရှိကြကာ နိုင်ငံတော်သမ္မတက ရန်ကုန်မြစ်အတွင်း မြစ်ကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# Cyber Security Awareness Video Competition - 2026 (University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ






**နေပြည်တော် ဩဂုတ် ၂၉**

Cyber Security Awareness Video Competition–2026 (University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ ဒစ်ဂျစ်တယ်နှင့် လူငယ် စကားဝိုင်းဆွေးနွေးပွဲနှင့် Myanmar Cyber Security Challenge – 2026 (MCSC–2026) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)နှင့်ရုံးအမှတ်(၂) တို့၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ခေတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုသည် သီးခြားစီမဟုတ်တော့ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေသော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအင်အားများဖြစ်လာကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို နည်းပညာအသုံးချမှုတစ်ခုအဖြစ်သာမမြင်ဘဲ စီးပွားရေးတိုးတက်မှု၊ ပြည်သူ့ဝန်ဆောင်မှုကောင်းမွန်မှု၊ လူမှုဘဝတိုးတက်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်ပေးနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုတစ်ရပ်အဖြစ် အသုံးချသွားရန်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော၊ ဆန်းသစ်တီထွင်မှုကို အားပေးသည့် လုံခြုံစိတ်ချရပြီး ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်ဂေဟစနစ်တစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Cyber Security Awareness Video Competition – 2026 (University Level) ပြိုင်ပွဲတွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်ကျော်စွာ၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ မယုယတွယ်တာဦး၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ မောင်အောင်ထင်နှင့် သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်မှ မောင်ထူးမြတ်မင်းအိမ်တို့ကို ဂုဏ်ပြုဆုပေးအပ်ပြီး အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကာ Myanmar Cyber Security Challenge– 2026 ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယခု ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN–Japan Cyber Security Awareness Video Competition 2026 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Cyber Security Challenge – 2026 ပြိုင်ပွဲကို တပ်မတော်နည်းပညာတက္ကသိုလ်၊ Naypyitaw State Academy၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ်(သထုံ)၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)နှင့် Polytechnic တက္ကသိုလ်(မအူပင်)တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ TiNiNi အသင်းက ပထမ၊ သတင်းအချက် အလက်နည်းပညာတက္ကသိုလ်မှ Z4_N@7_K4 အသင်းက ဒုတိယနှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ Team_Mahawthadar အသင်းက တတိယရရှိခဲ့ကြပြီး ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

**မြိတ် ဩဂုတ် ၂၉**

ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသား ဘိုးဘွားများ၏ အစဉ်အလာမပျက် လက်ဆင့်ကမ်းကျင်းပခဲ့ကြသည့် ရိုးရာ အမွေအနှစ်တစ်ခုဖြစ်ပြီး ချည်ဖြူဖွဲ့ မင်္ဂလာကျင်းပခြင်းဖြင့် မကောင်းသည့် အရာများပျောက်ပျက်ကာ ကောင်းမွန်သည့် မင်္ဂလာတရားများ သက်ဝင်ရောက်ရှိစေရန်ရည်ရွယ်ကာ ဝါခေါင်လဆန်း ၁ ရက်မှ စတင်၍ ဝါခေါင်လပြည့်နေ့ထိ နှစ်စဉ်ကျင်းပလေ့ရှိသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ပုလဲကေရီခန်းမ၌ကျင်းပခဲ့ပြီး ထားဝယ်မြို့ ချမ်းသာကြီးကျောင်းတိုက်ဆရာတော်၊ မြလင်းအေးဘေးမဲ့တောရဆရာတော်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးတို့က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားမုခ်ဦးကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားကို ကရင်အမျိုးသားသီချင်းဖြင့်ဂုဏ်ပြု၍ ဖားစည်တီးကာ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ချည်ဖြူဖွဲ့ မင်္ဂလာကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် မိသားစုများအားလုံး စည်းစည်းလုံးလုံးဖြင့် ပြန်လည်တွေ့ဆုံပြီး လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ ချစ်ကြည်ရင်းနှီးစည်းလုံးမှုတိုးပွားစေခြင်း၊ ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ ထိန်းသိမ်းခြင်းတို့ကို ထုတ်ဖော်ဆောင်ရွက်ကြသည့် ထူးမြတ်သော မင်္ဂလာ အခမ်းအနားဖြစ်ကြောင်း၊ ယခုကဲ့သို့ အခမ်းအနားကို ကရင်ဘိုးဘွားများက လူငယ်မောင်မယ်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ပြီး အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပသည့်သမိုင်းကြောင်းကို ကရင်တိုင်းရင်းသူတစ်ဦးက ရှင်းလင်းတင်ပြ၍ ကရင်ရိုးရာ ဒုံးအက၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး တနင်္သာရီတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကရင်ဘိုးဘွားများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသူများကို ချည်ဖြူဖွဲ့ပေးကြသည်။



မွန်းလွဲပိုင်းတွင် ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည့် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားအထိမ်းအမှတ် ရိုးရာလက်ဖွဲ့စိန်ခေါ်ပွဲကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်ထိုးသတ်ကြသည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

● **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

---

**အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်**

၁။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၃၀၄၉၊ ၀၆၇ ၃၄၀၃၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း

ဩစတြေးလျနိုင်ငံအခြေစိုက် Asia Pacific Center for the Responsibility to Protect မှ အကြီးတန်းသုတေသီ Yuyun Wahyuningrum က ဩစတြေးလျနိုင်ငံ Lowy Institute သုတေသနဌာနက လွှင့်တင်ထားသော The Interpreter အမည်ရှိ အင်တာနက် မီဒီယာဝက်ဘ်ဆိုက်တွင် "Starvation as a Weapon: The ICJ Myanmar Case Could Redefine Genocide"(အငတ်ထားခြင်းကို လက်နက်တစ်ခုအဖြစ် အသုံးပြုမှု၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံအမှုသည် လူမျိုးသုဉ်းစေမှုကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်စေနိုင်သည်) ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရေးသားထားခဲ့ကြောင်း တွေ့ရှိသတိပြုမိပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့ကြား ဖြစ်ပွားနေသော အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအပိုင်းဖြစ်သော နှစ်ဖက်နှုတ်ဖြင့်ထွက်ဆို စစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင် ယခုဆောင်းပါး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့်ကြည့်လျှင် ဤဆောင်းပါးသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်တစ်ခုဟု ထင်မြင်ရသော်လည်း၊ နောက်ကွယ်တွင် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များရှိနိုင်သည်ကို မှန်းဆသိမြင်နေရသဖြင့် ယင်းဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဥပဒေလေ့လာသူတစ်ဦး၏ အမြင်ကို ထုတ်ဖော်တင်ပြရခြင်းဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဆောင်းပါးရှင်က လူမျိုးသုဉ်းစေမှု(Genocide)ဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း၏ ပုဒ်မ(၂)(ဂ)ကို ရည်ညွှန်း၍ သူ၏ကိုယ်ပိုင်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားထားမှုကို တွေ့ရသည်။

အဆိုပါကွန်ဗင်းရှင်း၏ ပုဒ်မ(၂)မှာ လူမျိုးသုဉ်းစေမှုဟု သတ်မှတ်ခေါ်ဆိုနိုင်သောလုပ်ရပ်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ပုဒ်မ(၂)(ဂ)မှာ လူအုပ်စုတစ်စု (နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေး အုပ်စု) တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် “ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအခြေအနေများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း” နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းလေးထောင်ကျော်ဝေးကွာသော ဩစတြေးလျနိုင်ငံတွင်နေထိုင်သူ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်း ခုနစ်ထောင်ကျော်ဝေးကွာသော ဂမ်ဘီယာနိုင်ငံကဲ့သို့ပင် ပကတိမြေပြင်အခြေအနေဖြစ်ရပ်များနှင့် ကင်းကွာသည့် တစ်ဖက်သတ် သတင်းစကားအချက်အလက်များကို အခြေပြု၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

၎င်းက အမှု၏ပဓာနကိစ္စဖြစ်သော ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို လူအုပ်ဖွဲ့တိုက်ခိုက်ခဲ့ရာမှ ကျယ်ပြန့်သွားခဲ့သည့် ပဋိပက္ခဖြစ်ရပ်မတိုင်မီ ကာလရှည်ကြာစွာကပင် မြန်မာအစိုးရက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်း၍ ယင်းဒေသရှိ ဘင်္ဂါလီ(၎င်း၏အခေါ် ရိုဟင်ဂျာ)အုပ်စုများကို နိုင်ငံမဲ့ဖြစ်စေပြီး တမင်သက်သက် ရည်ရွယ်ချက်ဖြင့် နေထိုင်သွားလာပိုင်ဆိုင်မှုကိုကန့်သတ်၍ လုပ်ကိုင်၊ စားသောက်၍မရဖြစ်စေကာ ငတ်မွတ်အောင်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တစ်ဖန် ၂၀၁၇ ခုနှစ် ဖြစ်ရပ်ကြောင့် ယင်းဒေသရှိ ဘင်္ဂါလီအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသောအခါ ထိုသူတို့ပိုင်ဆိုင်သည့် လယ်ယာများကို မြန်မာအစိုးရကသိမ်းယူပြီး စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို သိမ်းဆည်းခြင်း၊ အခြားသူများကို မြေခွဲဝေပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ပြန်သည်။

အဆိုပါ စွပ်စွဲချက်များကို လေ့လာပါက ဆောင်းပါးရှင်သည် အကြီးတန်းသုတေသီဟု ဆိုသော်လည်း သတင်းအချက်အလက်များကို စနစ်တကျရှာဖွေစုဆောင်း ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်းမရှိဘဲ ရမ်းသန်းစွပ်စွဲမှုများနှင့် ရှေ့နောက်မညီမှုများကို တွေ့ရပေသည်။

ဥပမာအားဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် ယင်းဒေသရှိ ဘင်္ဂါလီအုပ်စုများကို နိုင်ငံမဲ့ဖြစ်စေရန် တမင်ပြုစုပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံသားဖြစ်မှုဆိုင်ရာစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်နိုင်ငံလုံးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဥပဒေနှင့် အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်းဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား စသည်ဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးထားပြီး ထိုဥပဒေအရ နိုင်ငံသားလက်မှတ်တစ်မျိုးမျိုးကိုင်ဆောင်ထားသော ဘင်္ဂါလီနွယ်ဖွားများစွာရှိပြီးဖြစ်သကဲ့သို့ နိုင်ငံသားအဖြစ် စိစစ်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားဆဲဦးရေမှာလည်း အများအပြားရှိနေသည်မှာ ပကတိအမှန်တရားဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကျမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမှာမူ မည်သည့်လူမျိုးမဆို တရားမဝင်ဝင်ရောက်လာသူများအဖြစ်သာ သတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ ကမ္ဘာပေါ်၌လည်း တရားမဝင် ဝင်ရောက်လာသူများနှင့်ပတ်သက်၍ မိမိတို့ဆိုင်ရာ လူဝင်မှုဥပဒေများဖြင့် အသီးသီးအရေးယူ ဆောင်ရွက်ကြသည်သာဖြစ်၏။

ဩစတြေးလျနိုင်ငံ၌လည်း တရားမဝင် ဝင်ရောက်လာသူများကို တင်းကျပ်စွာစိစစ်ပြီး ဩစတြေးလျနိုင်ငံအတွင်း၌ ထိန်းသိမ်းရေးစခန်း ခုနစ်ခုအပြင် နိုင်ငံပြင်ပဖြစ်သော နော်ရူးကျွန်း၌လည်း ငွေပေး၍ နေရာငှားရမ်းကာ စခန်းဆောက်လုပ်ထားရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသူတို့သည် ယင်းစခန်းများမှ လွတ်လပ်စွာထွက်ခွာ၍ သွားလာခွင့်၊ လယ်ယာလုပ်ကိုင်ခွင့်များ ရရှိကြပါသလောဟု မေးလျှင် ထိုဆောင်းပါးရှင် မည်သို့ဖြေကြားမည်ကို သိလိုလှမိသည်။

မြန်မာနိုင်ငံတွင် ဘူးသီးတောင်၊ မောင်တောအပါအဝင် ဒေသများ၌ ဆောင်းပါးရှင် ကိုယ်တိုင်ဝန်ခံထားသကဲ့သို့ ဘင်္ဂါလီနွယ်ဖွားများသည် လယ်ယာလုပ်ကိုင်ခွင့်၊ ငါး၊ ပုစွန်မွေးမြူရေးကန်များ လုပ်ကိုင်ခွင့်ရရှိကြသလို အချို့မှာ မြို့ကြီးများ၌ လုပ်ငန်းရှင်ကြီးများအဖြစ်ပင် ရောက်ရှိနေကြသည်ကို မြန်မာနိုင်ငံသားများက သိရှိကြပါသည်။

ထိုသို့ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ဆောင်းပါးရှင်က စွပ်စွဲထားသည့်အပြင် ဥပဒေဆိုင်ရာနှင့်ပတ်သက်၍လည်း သူ၏သိနားလည်မှုမှာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ဝေးကွာဆဲဖြစ်ကြောင်း တွေ့ရပြန်သည်။

လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစ်စိုးတစ်စိမျှ မရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea) ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု(Actus Reus)ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ “၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်” ဟု ဆောင်းပါးရှင်၏ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ထို့ပြင် အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာရေးသားမှုဖြင့် နိုင်ငံတကာကွန်ဗင်းရှင်း ဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အကြောင်းမရှိပေ။

အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ် ပုဒ်မ(၃၈) အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်းအရာမပါရှိပေ။

အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်၏ ပုဒ်မ(၆၀) အရ တရားရုံး၏စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာ ရှိလေသည်။

သို့ပါလျက် ဤကဲ့သို့ တာဝန်မရှိသူတစ်ဦးက ဤအမှုကိစ္စတွင် မဆီမဆိုင် ဝင်ရောက် ပြောကြားနေမှုမှာ ဥပဒေအကြောင်းခြင်းရာများကိုလည်း သေချာစွာမလေ့လာ၊ ပကတိမြေပြင်ရှိအမှန်တရားများကိုလည်း သေချာမသိဘဲ တောရမ်းပယ်ဖွဲ့ ထင်ကြေးများဖြင့် မဟုတ်မတရား စွပ်စွဲခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်း ရရှိကြပြီး၊ လူမျိုးသုဉ်းရန်ဝေးစွ၊ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများ ကိုယ်တိုင်မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီနေရပ်စွန့်ခွာလာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက် ထောက်ပံ့ပေးလျက်ရှိသည်။

သို့သော်လည်း အဆိုပါဆောင်းပါးရှင်သည် အင်အားကြီးမားသော မီဒီယာစွမ်းအားကို အလွဲသုံးစားပြုလျက် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်သတင်းအချက်အလက်များဖြင့် မှိုင်းတိုက်၍ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှား သေးသိမ်အောင် တမင်သက်သက် ဆောင်ရွက်နေခြင်းသာဖြစ်မည်ဟု ယူဆရဖွယ်ရှိပေသည်။ ထိုသို့ မဟုတ်မမှန် လုပ်ကြံပြောဆိုမှုကိုမတုံ့ပြန်ဘဲထားရှိပါက အမှားကြာလျှင် အမှန်ထင်သွားတတ်သည့်အတွက် အမှားတွေ့လျှင် အမှန်ပြင်ရမည့် တာဝန်ကိုယူကာ ရေးသားဖြေရှင်းလိုက်ရခြင်း ဖြစ်ပါသတည်း။

**ဥပဒေလေ့လာသူတစ်ဦး**

> **မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာအလုပ်လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်းရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ၊ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများ ကိုယ်တိုင်မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီနေရပ်စွန့်ခွာလာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ထောက်ပံ့ပေးလျက်ရှိ . . .**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ



**ရန်ကုန် သြဂုတ် ၂၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်နှင့် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာ ကျော်ထွန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ဒုတိယ အကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့တက်ရောက်ရန် သြဂုတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ညပိုင်းတွင် ကမ္ဘောဒီးယား နိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော်မှ တာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ခရီးစဉ်အတွင်း သြဂုတ် ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Ouch Borith နှင့် တာဝန်ရှိသူများတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သြဂုတ် ၂၇ရက်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၂၈ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနက ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အခြေအနေများကို အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး၊ စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် သြဂုတ် ၁၅ ရက်မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့လျှောက်ထားနိုင်မည်ဖြစ်ကြောင်းနှင့် ဌာနကသတ်မှတ်ချက်ဖြင့် ကိုက်ညီသောလျှောက်ထားမှုများအတွက် သတ်မှတ်ကြေး ပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားများသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ကြေညာခဲ့မှုအပေါ် Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားခဲ့ရာ ၂၀၂၆ ခုနှစ် သြဂုတ် ၁၅ ရက်မှ ၂၈ ရက်ထိ လျှောက်ထားသူ ၉၆၈၆ ဦးရှိပြီး အဆိုပါ လျှောက်လွှာများထဲတွင် ဌာနကသတ်မှတ်ထားသော အချက်အလက်အထောက်အထားများ မပြည့်စုံခြင်း၊ မကိုက်ညီခြင်းတို့ကြောင့် လျှောက်လွှာ ၂၄၈၂ စောင်ကို လျှောက်ထားသူများထံ ပြန်လည်အကြောင်းကြားပေးပို့ခဲ့ပြီး ပြည့်စုံသောလျှောက်ထားမှု ၇၂၀၄ စောင်ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိတပ်ဆင်ပြီးစီးမှုမှာ ၁၃၃၁ လုံးဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက လျှောက်ထားသူများကို ဆက်လက်စိစစ်၍ Digital Smart Meter အသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ Website မှ တစ်ဆင့် လျှောက်ထားမှုစနစ်အရ ဝန်ဆောင်မှုကို လျင်မြန်စွာပေးနိုင်သဖြင့် လျှောက်ထားပြီး ၂၇ နာရီအတွင်း ပထမဦးဆုံးမီတာကို စတင်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်နေပါက ဌာနက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် User Guide ကို ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ဖော်ပြထားရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်–

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(ရုံးချုပ်) - ၀၆၇-၃၄၁၀၄၆၀

( ခ ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇

( ဂ ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) - ၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**မန္တလေး သြဂုတ် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဌာန ဘက်စုံခြံအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဌာန ၁၄ ခုမှ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တစ်သျှူးငှက်ပျောပင်များကို စတင် စိုက်ပျိုးပေး၍ တိုင်းဒေသကြီးစည်ပင် သာယာရေးဝန်ကြီး မြို့တော်ဝန်က ဦးဆောင်၍ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ အမှုထမ်းများက အတူတကွ စိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ငှက်ပျောစိုက်ပျိုးနေမှုများ၊ ဘက်စုံခြံတွင် တီကောင်စွန့်ပစ်မြေဩဇာ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် တစ်သျှူးငှက်ပျောအပင် ၆၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



### ထူးခြားသည့် နေ့အပူချိန်များ ( ၂၉ - ၈ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တံတားဦး | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ရေဦး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## သောင်ရင်းမြစ်ရေ မြဝတီမြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၂၉

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၄ လက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေ မြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ထိန်စွန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် နှစ်ပါး၊ ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ရေဘဦးဓမ္မာရုံ၌အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၆၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ စိတ်ကြိုက်ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ခြောက်ဖွဲ့က ဒို့တောရွာ၊ လက်ခတ်သံ၊ လယ်တောသူ၊ ရွှေညာသူသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ နှစ်ပါးသွားအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့လေးဖွဲ့က သစ္စာထားနှစ်ပါးသွား အကအလှများဖြင့်လည်းကောင်း၊ အသီးသီးယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ငါးဖွဲ့က မြိုင်ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲ တစ်ဦးချင်း(မောင်း)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးက ပန်းဟေဝန်သီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲ(ပတ်ဝိုင်း)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးက အောင်မင်္ဂလာယိုးဒယား သီချင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်တီးခတ်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။














၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ သီဆိုကပြယှဉ်ပြိုင်ကြစဉ်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများ စွာရရှိစေရန်၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ကျောင်းသား၊ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှုစွမ်းရည်တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများကြည့်ရှုခြင်းအားဖြင့် စိတ်ကြည်လင်လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေနေပြည်တော် Naypyitaw State Academy မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ရွာသစ်ကုန်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ် မြန်မာ့တပ်မတော်သုံးပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာအကျယ်အဝန်းနှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော် (ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့်တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်၊ စာရေးကိရိယာများကို အသီးသီးဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့သည်။





လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါတယ်-

"ကျွန်မတို့က တောင်ပေါ်ကျောင်းဆိုတော့ ကလေးတွေလဲမတွေ့ဖူးမမြင်ဖူးတာတွေ တွေ့ရပါတယ်။ သင်ခန်းစာထဲမှာထက် လက်တွေ့မှာမြင်ရတာဆိုတော့ သူတို့အတွက်ပိုပြီး အဆင်ပြေတာပေါ့။ မြန်မာပြည်ရဲ့ သမိုင်းကြောင်းတွေ အစုံအလင်သိရတယ်။ အဲ့ဒါကြောင့် လာရောက်လေ့လာခွင့်ရတဲ့အတွက် အရမ်းပျော်ပါတယ်။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့ အတွက်ဖိတ်ခေါ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့စာသင်ကြားပေးတဲ့နေရာမှာကျတော့ နာမည်တွေပဲသိရတာပါ။ ကျွန်မတို့ သမိုင်းကိုသင်တဲ့အခါမှာ လက်တွေ့မြင်ရတဲ့အတွက် သင်ကြားရေးမှာ အများကြီးအထောက်အကူဖြစ်ပါတယ်"ဟု ပြောသည်။

" အခုလို လာရောက်လေ့လာရတဲ့အတွက် အရမ်းပျော်ပါတယ်။ သမီးတို့မသိသေးတဲ့ ဗဟုသုတတွေလဲအများကြီးသိရပါတယ်။ ကျောင်းမှာဆိုရင် စာတွေပဲသင်ရပြီး အခုဆိုရင် လက်တွေ့လေ့လာခွင့်ရတဲ့အတွက် သေသေချာချာလေး လေ့လာနိုင်ပါတယ်။ အခုလိုမျိုးလေ့လာရေးခရီးတွေ လိုက်ပို့ပေးတဲ့အတွက် ကျောင်းစာတွေ သင်တဲ့အခါမှာလဲ အထောက်အကူဖြစ်ပါတယ်။ အသုံးလဲဝင်ပါတယ်။ သမီးကြီးလာရင် နိုင်ငံတော်ကို အကျိုးပြုမယ့် နိုင်ငံ့သမီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ သမီးဆုံးဖြတ်မိပါတယ်။ အခုလိုစီစဉ်ပေးတဲ့ အဘက်ဘက်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ပြတိုက်တာဝန်ခံတွေ၊ ဆရာ၊ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

**(ယမန်နေ့မှအဆက်)**

၁၀၅။ MMS UNECE R 152:2020 M1 နှင့် N1 မော်တော်ယာဉ်များ၏ အဆင့်မြင့်အရေးပေါ်ဘရိတ်စနစ် (AEBS)နှင့် စပ်လျဉ်း၍ မော်တော်ယာဉ် အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၆။ MMS ISO 10282:2023 တစ်ခါသုံး ပိုးသတ်ထားသော ရော်ဘာ ခွဲစိတ်ခန်းသုံး လက်အိတ်များ – စံသတ်မှတ်ချက်

၁၀၇။ MMS ISO 11193–1:2020 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း (၁) – ရော်ဘာစေးရည် သို့မဟုတ် ရော်ဘာအရည်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၈။ MMS ISO 11193–2:2006 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း(၂) – ပိုလီဗီနိုင်းကလိုရိုက်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၉။ MMS ASTM A 370 –24a သံမဏိထုတ်ကုန်များ၏ စက်မှုစမ်းသပ်ခြင်းအတွက် စံသတ်မှတ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၁၀။ MMS ASTM A 706/A 706 M–25 ကွန်ကရစ်အားဖြည့်ရန်အတွက် အစင်းပါသောနှင့် သတ္တုစပ်နည်းပါးသော ရိုးရိုးသံမဏိချောင်းများအတွက် စံသတ်မှတ်ထားသော သတ်မှတ်ချက်

၁၁၁။ MMS ASTM A 751–25 သံမဏိထုတ်ကုန်များအား ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် သတ်မှတ်ထားသော စမ်းသပ်နည်းများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၂။ MMS ASTM C 62–23 ဆောက်လုပ်ရေးလုပ်ငန်းသုံးအုတ်များ (မြေစေး(သို့မဟုတ်) ကျောက်စေးဖြင့် ပြုလုပ်ထားသော အတွင်းပိတ်အုတ်များ) အတွက် စံသတ်မှတ်ချက်

၁၁၃။ MMS ASTM C 67/ C 67M–25 အုတ်နှင့်ဖွဲ့စည်းပုံဆိုင်ရာ မြေခဲအုတ်ပြားများအား နမူနာယူခြင်းနှင့် စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ထားသော စမ်းသပ်နည်းလမ်းများ

၁၁၄။ MMS ISO 247–2:2018 ရော်ဘာ – ပြာမှုန်ပါဝင်မှုသတ်မှတ်ခြင်း – အပိုင်း (၂) – အပူချိန်ဖြင့် ဒြပ်ထုပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်း (TGA)

၁၁၅။ MMS ISO 4074:2026 သဘာဝရော်ဘာစေးဖြင့် ပြုလုပ်ထားသော အမျိုးသားသုံး ကွန်ဒုံးများ – လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၁၆။ MMS ISO 6101–6:2018 ရော်ဘာ – အက်တမ်စုပ်ယူမှု ရောင်စဉ်တိုင်းကိရိယာဖြင့် သတ္တုပါဝင်မှုဆုံးဖြတ်ခြင်း – အပိုင်း(၆) – မဂ္ဂနီဆီယမ်ပါဝင်မှုဆုံးဖြတ်ခြင်း

၁၁၇။ MMS ISO 23464:2020 နိုက်ထရိုင်းလ် (Nitrile) ဖြင့် ပြုလုပ်ထားသော သန့်စင်ခန်းသုံးလက်အိတ်များ – စံသတ်မှတ်ချက်

၁၁၈။ MMS ISO/IEC 27002:2022 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေး – သတင်းအချက်အလက် လုံခြုံရေးအတွက် ထိန်းချုပ်ရေးနည်းလမ်းများ

၁၁၉။ MMS ISO 20022–1:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း(၁) – မီတာမော်ဒယ် (အခြေခံပုံစံဖွဲ့စည်းမှု)

၁၂၀။ MMS ISO 20022–2:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၂) – UML (ပေါင်းစပ်မော်ဒယ်လ် ဘာသာစကား) ပရိုဖိုင်

၁၂၁။ MMS ISO 20022–3:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၃) – ပုံစံဖွဲ့စည်းခြင်း

၁၂၂။ MMS ISO 20022–4:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၄) – XML Schema ဖန်တီးခြင်း

၁၂၃။ MMS ISO 20022–5:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း(၅) – အယူအဆအဆင့် အပြန်အလှန်ချိတ်ဆက်သုံးစွဲနိုင်မှုနှင့် နောက်ပြန်ဆန်းစစ်ခြင်း

၁၂၄။ MMS ISO 20022–6:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၆) – မက်ဆေ့ချ် ပို့ဆောင်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

၁၂၅။ MMS ISO 20022–7:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၇) – စာရင်းသွင်းခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း

၁၂၆။ MMS ISO 20022–8:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၈) – ASN.1 ဖန်တီးခြင်း

၁၂၇။ MMS ISO/TR 23455:2019 ဘလော့ချိန်းနှင့်ဖြန့်ဝေထားသော စာရင်းအင်းနည်းပညာများ – ဘလော့ချိန်းနှင့် DLT စနစ်များရှိ စမတ်စာချုပ်များ၏ ခြုံငုံသုံးသပ်ချက်နှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်စပ်ဆောင်ရွက်မှုများ

၁၂၈။ MMS ISO/ASTM 52900:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အခြေခံအချက်များနှင့် ဝေါဟာရ

၁၂၉။ MMS ISO/ASTM 52901:2017 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဝယ်ယူထားသော AM အပိုင်းအစများအတွက် လိုအပ်ချက်များ

၁၃၀။ MMS ISO/ASTM 52910:2018 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ(Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – လိုအပ်ချက်များ၊ လမ်းညွှန်မှုများနှင့် အကြံပြုချက်များ

၁၃၁။ MMS ISO/ASTM 52911–1:2019 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – အပိုင်း(၁) – သတ္တုများအတွက် လေဆာအသုံးပြု၍ အမှုန့်အလွှာကို ပေါင်းစပ်အရည်ကျိုသည့်နည်းလမ်း

၁၃၂။ MMS ISO/ASTM 52915:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) ဖိုင် ပုံစံသတ်မှတ်ချက် (AMF) အတွက် စံသတ်မှတ်ချက် – ဗားရှင်း ၁.၂

၁၃၃။ MMS ISO/ASTM 52927:2024 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အဓိကဂုဏ်သတ္တိများနှင့် ယင်းတို့အတွက် သက်ဆိုင်ရာ စစ်ဆေးနည်းများ

၁၃၄။ MMS ISO/ASTM 52942:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းများ – အာကာသယာဉ်သုံး လေဆာအမှုန့်အလွှာပေါင်းစပ် သတ္တုထုတ်လုပ်ရေးစက်များနှင့်စက်ပစ္စည်းများအတွက် စက်ကိုင်တွယ်သူများ၏ အရည်အချင်း သတ်မှတ်ခြင်း

၁၃၅။ MMS ISO/ASTM 52950:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဒေတာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၆။ MMS ISO 17295:2023 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အထွေထွေအခြေခံမှုများ – ထုတ်လုပ်မည့်အစိတ်အပိုင်း၏ နေရာချထားခြင်း၊ ကိုဩဒီနိတ်စနစ်နှင့် ဦးတည်ချက် သတ်မှတ်ခြင်း

၁၃၇။ MMS ISO 17296–2:2015 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အပိုင်း (၂) – ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်အသုံးပြုသော ပစ္စည်းများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၈။ MMS ISO 740:1976 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကာဗွန်နိတ် – စုစုပေါင်းပျော်ဝင်သည့် အယ်လ်ကာလီပမာဏကို တိုင်းတာခြင်း – တိုက်ထရေးရှင်း ဓာတ်ခွဲနည်းစဉ်

၁၃၉။ MMS ISO 918:1983 စက်မှုလုပ်ငန်းသုံး အငွေ့ပြန်နိုင်သော အော်ဂဲနစ်အရည်များ – ပေါင်းခံခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း

၁၄၀။ MMS ISO 2480:1972 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကလိုရိုက် – ဆာလ်ဖိတ်ပါဝင်မှုကို တိုင်းတာခြင်း – ဘေရီယမ်ဆာလ်ဖိတ် ဂရက်ဗီမက်ထရစ်နည်းစဉ်

၁၄၁။ MMS ISO 5796:2000 ရော်ဘာပေါင်းစပ်ပါဝင်ပစ္စည်းများ – သဘာဝကယ်လ်စီယမ်ကာဗွန်နိတ် – စမ်းသပ်ခြင်းနည်းစဉ်

၁၄၂။ MMS ISO 701:1998 နိုင်ငံတကာဂီယာအမှတ်အသားစနစ်– ဂျီဩမေတြီဆိုင်ရာ သင်္ကေတများ

၁၄၃။ MMS ISO 1122–1:1998 + Cor 1:1999 + Cor 2:2009 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း (၁) – ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၄၄။ MMS ISO 1122–2:1999 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း (၂) – worm ဂီယာအတွက် ဂျီဩမေတြီဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁၄၅။ MMS ISO 21049:2004 ပန့်များ – centrifugal နှင့် rotary ပန့်များအတွက် Shaft sealing စနစ်များ

၁၄၆။ MMS ISO 21630:2007 ပန့်များ – စမ်းသပ်စစ်ဆေးခြင်း – ရေဆိုးများနှင့် အလားတူအရာများအတွက် အသုံးပြုသည့် ရေအောက်ရောနှောစက်များ

၁၄၇။ MMS 64 : 2026 ဒီဇယ်ဆီ (500 ppm, 50 ppm, 10 ppm) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၈။ MMS 65 : 2026 E10 Gasohol (RON 70) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၉။ MMS 66 : 2026 ဓာတ်ဆီ (RON 91) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၀။ MMS 67 : 2026 ဓာတ်ဆီ (RON 92) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၁။ MMS 68 : 2026 ဓာတ်ဆီ (RON 95) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၂။ MMS 69 : 2026 ဓာတ်ဆီ (RON 97) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၃။ MMS ISO 21625:2020 ဝါးနှင့် ဝါးထွက်ကုန်ပစ္စည်းများဆိုင်ရာ ဝေါဟာရများ

၁၅၄။ MMS ISO 21626–1:2020 ဝါးမီးသွေး – အပိုင်း (၁) – ယေဘုယျအချက်များ

၁၅၅။ MMS ISO 21626–2:2020 ဝါးမီးသွေး – အပိုင်း(၂) – လောင်စာအဖြစ် အသုံးပြုခြင်း

၁၅၆။ MMS ISO 21626–3:2020 ဝါးမီးသွေး – အပိုင်း (၃) – သန့်စင်ခြင်းဆိုင်ရာ အသုံးပြုမှုများ

၁၅၇။ MMS ISO 21629–1:2021 ဝါးဖြင့်ပြုလုပ်ထားသော ကြမ်းခင်းပြားများ – အပိုင်း (၁) – အိမ်တွင်း၌ အသုံးပြုခြင်း

၁၅၈။ MMS ISO/IEC/IEEE 12207:2026 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဆော့ဖ်ဝဲဘဝဖြစ်စဉ်လည်ပတ်မှုလုပ်ငန်းစဉ်များ

၁၅၉။ MMS ISO/IEC 20000–10:2018 သတင်းအချက်အလက်နည်းပညာ – ဝန်ဆောင်မှုစီမံခန့်ခွဲမှု – အပိုင်း (၁၀) – အယူအဆများနှင့်ဝေါဟာရများ

၁၆၀။ MMS ISO/IEC/IEEE 24748–1:2024 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဘဝဖြစ်စဉ်လည်ပတ်မှုအား စီမံခန့်ခွဲခြင်း – အပိုင်း (၁) – ဘဝဖြစ်စဉ်လည်ပတ်မှုစီမံခန့်ခွဲရန် လမ်းညွှန်ချက်များ

၁၆၁။ MMS ISO/IEC/IEEE 24765:2017 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဝေါဟာရများ

၁၆၂။ MMS ISO/IEC 25000:2014 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ– စနစ်နှင့်ဆော့ဖ်ဝဲအရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – SQuaRE အတွက် လမ်းညွှန်

၁၆၃။ MMS ISO/IEC 25010:2023 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – ထုတ်ကုန်အရည်အသွေးမော်ဒယ်

၁၆၄။ MMS ISO/IEC/IEEE 27032:2023 ဆိုက်ဘာလုံခြုံရေး – အင်တာနက်လုံခြုံရေးအတွက် လမ်းညွှန်ချက်များ:

၁၆၅။ MMS ISO/IEC 27701:2025 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာကာကွယ်မှု – ကိုယ်ရေးကိုယ်တာအချက်အလက် စီမံခန့်ခွဲမှုစနစ်များ– လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၁၆၆။ MMS ISO/IEC 29110–4–3:2018 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ – အလွန်သေးငယ်သောအဖွဲ့အစည်းများ (Very Small Entities (VSEs)) အတွက် ဘဝဖြစ်စဉ်လည်ပတ်မှုပရိုဖိုင်များ – အပိုင်း (၄–၃) – ဝန်ဆောင်မှုပေးအပ်ခြင်း – ပရိုဖိုင်သတ်မှတ်ချက်

၁၆၇။ MMS ISO/IEC/IEEE 29119–1:2022 ဆော့ဖ်ဝဲနှင့် စနစ်အင်ဂျင်နီယာ – ဆော့ဖ်ဝဲစမ်းသပ်ခြင်း – အပိုင်း (၁) – အထွေထွေအယူအဆများ

၁၆၈။ MMS ISO/IEC/IEEE 90003:2018 ဆော့ဖ်ဝဲအင်ဂျင်နီယာ – ကွန်ပျူတာဆော့ဖ်ဝဲတွင် ISO 9001:2015 ကို အသုံးချရန် လမ်းညွှန်ချက်များ

၁၆၉။ MMS ISO 12100:2010 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ဒီဇိုင်းဆွဲခြင်းအတွက် ယေဘုယျစည်းမျဉ်းများ– ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်း

၁၇၀။ MMS ISO/TR 22100–1:2021 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့်ဆက်စပ်မှု အပိုင်း (၁) – ISO 12100 သည် အမျိုးအစား–B နှင့် အမျိုးအစား–C စံချိန်စံညွှန်းများနှင့်မည်သို့ဆက်စပ်ပုံ

စာမျက်နှာ ၂၅ သို့

# ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ညောင်ပင်ဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၉ လက်မခန့်သာ ကျန်ရှိတော့သဖြင့် သုံးပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၂ လက်မခန့်သာကျန်ရှိတော့သဖြင့် နှစ်ပေခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၅ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

စာမျက်နှာ ၂၄ မှအဆက်

၁၇၁။ MMS ISO/TR 22100-2:2013 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့် ဆက်နွယ်ပုံ -အပိုင်း (၂) - ISO 12100 သည် ISO 13849-1 နှင့် မည်သို့သက်ဆိုင်ပုံ

၁၇၂။ MMS ISO/TR 22100-3:2016 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့် ဆက်နွယ်ပုံ- အပိုင်း(၃) - ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများတွင် လူသားချင်းစာနာမှုဆိုင်ရာ (Ergonomic) မူများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း

၁၇၃။ MMS ISO 32000-1:2008 စာရွက်စာတမ်းစီမံခန့်ခွဲမှု - သယ်ယူရလွယ်ကူသော စာရွက်စာတမ်းပုံစံ အပိုင်း (၁) - PDF 1.7

၁၇၄။ MMS ISO/IEC TR 24368:2022 သတင်းအချက်အလက်နည်းပညာ - ဉာဏ်ရည်တုနည်းပညာ - ကျင့်ဝတ်ဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ စိုးရိမ်မှုများ၏ ခြုံငုံသုံးသပ်ချက်

၁၇၅။ MMS ISO/IEC TR 63306-1:2020 စမတ်ကျသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြေပုံ (SM2) - အပိုင်း(၁) -မူဘောင်

၁၇၆။ MMS IEC TR 63319:2025 စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ရည်ညွှန်းပုံစံများကို မီတာ-မော်ဒယ်လ်အသုံးပြု၍ ဆန်းစစ်လေ့လာသည့်နည်းလမ်း

၁၇၇။ MMS ISO 8000-1:2022 ဒေတာအရည်အသွေး - အပိုင်း (၁)- ခြုံငုံသုံးသပ်ချက်

၁၇၈။ MMS ISO 10303-1:2024 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း - ထုတ်ကုန်အချက်အလက်ဖော်ပြခြင်းနှင့်ဖလှယ်ခြင်း - အပိုင်း (၁) - ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၇၉။ MMS ISO 15926-10:2019 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစည်းခြင်း - ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းသုံး စက်ရုံများအတွက် သက်တမ်းလည်ပတ်မှု ဒေတာပေါင်းစည်းခြင်း- အပိုင်း (၁၀) - လိုက်လျောညီထွေမှုစမ်းသပ်ခြင်း

၁၈၀။ MMS ISO 22745-1:2010 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း - ပွင့်လင်းသော နည်းပညာဆိုင်ရာ အဘိဓာန်များနှင့် ၎င်းတို့ကိုအခြေခံဒေတာ (Master Data) တွင်အသုံးပြုခြင်း - အပိုင်း(၁) - ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၈၁။ MMS ISO 20492-2: 2008 အဆောက်အဦများတွင် အသုံးပြုသောမှန် - လျှပ်ကာမှန် - အပိုင်း(၂) - ဓာတုအငွေ့များကြောင့် ဖန်မျက်နှာပြင်မှုန်ဝါးမှုအား စမ်းသပ်ခြင်း

၁၈၂။ MMS ISO 21690: 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် - ဖန်တုံးများ - အတိုင်းအတာသတ်မှတ်ချက်များနှင့် စမ်းသပ်ခြင်းနည်းလမ်းများ

၁၈၃။ MMS ISO 59004:2024 စက်ဝိုင်းစီးပွားရေးစနစ် - အကောင်အထည်ဖော်ရန်အတွက် ဝေါဟာရများ၊ အခြေခံမူများနှင့် လမ်းညွှန်ချက်များ

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်း အဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ဌပဒ)**



❖ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရောဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၃၀ ရက်**(ယနေ့)**နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီး အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❍ **လေဖိအားနည်းရပ်ဝန်းမှ**

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**(မိုး/ဇလ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဖလမ်းမြို့ ပြည်သူ့ဆေးရုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားမှု တပ်မတော်သားများ၊ ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်



**ဖလမ်း ဩဂုတ် ၂၉**

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံရှိ နှစ်ထပ်လူနာဆောင်၊ ဖျားနာဆောင်၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း၊ Oxygen Plant၊ ခွဲစိတ်ဆောင် (အဟောင်း)၊ သားဖွားမီးယပ်ဆောင် (အဟောင်း)၊ အရိုးကုသဆောင် (အဟောင်း)နှင့်ဆေးစတိုခန်းများ အလုံးစုံပျက်စီးခဲ့ပြီး အပျက်အစီးများကို နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ဒေသခံပြည်သူများက လူအား၊ စက်အားဖြင့် ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့သည်။

ထိုသို့ အပျက်အစီးများရှင်းလင်းဖယ်ရှားနေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ထာဝရဘုရားထံ ဖလမ်းမြို့ ပြန်လည်ဆက်ကပ်အပ်နှံခြင်း ဆုတောင်းပွဲအခမ်းအနားကို ဖလမ်းနှစ်ခြင်းအသင်းတော်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး ဆုတောင်းပွဲ ညစာစားပွဲအတွက် ဆန်ငါး အိတ်နှင့် ဆီ ၁၀ ပိဿာ ပေးအပ်လှူဒါန်းသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီးတိန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ စုစုပေါင်း ဦးရေ ၂၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ခေါဝုန်လေးဆန် ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

❑ **မြန်မာ့ရိုးရာလက်မှုပစ္စည်းများမှ**

မြန်မာ့ရိုးရာ လက်မှုပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်းအတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ တရုတ်နှင့်ကိုရီးယားခရီးသွားများ အထူးစိတ်ဝင်တစားလေ့လာဝယ်ယူကြောင်း သိရသည်။

“မြန်မာမှုကို မြတ်နိုးတဲ့သူတွေ ပုဂံကို တကူးတကသွားစရာမလိုဘဲ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်းဝယ်လို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိရာက ဆိုင်ဖွင့်ဖြစ်သွားတာပါ။ ရန်ကုန်မြို့ခံတွေလဲ အားပေးသလို နိုင်ငံခြားသားတွေလဲ လာရောက်အားပေးကြပါတယ်။ ပြည်တွင်းထုတ်ကုန်ကို နိုင်ငံသားတွေ မြတ်နိုးတန်ဖိုးထားမှ အခြားနိုင်ငံတွေကအလေးထားမှာပါ။ နိုင်ငံခြားသားတွေထဲမှာဆိုရင် တရုတ်နဲ့ ကိုရီးယားက မြန်မာ့လက်မှုပစ္စည်းကို ပိုပြီးဝယ်ယူအားပေးကြပါတယ်”ဟု အဆိုပါ မြန်မာ့လက်မှုပစ္စည်းအရောင်းဆိုင်တာဝန်ခံက ပြောသည်။

အဆိုပါအရောင်းဆိုင်၌ ရန်ကုန်မြို့ရှိ ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီ၊စားသောက်ဆိုင်၊ နေအိမ်များတွင် အလှဆင်နိုင်ရန် ယွန်းထည်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ယွန်းဆွမ်းအုပ်၊ ယွန်းရွှေဖလား၊ ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုး၊ ကြယ်သီး၊ ဗီရို၊ အံဆွဲ၊ သေတ္တာ၊ ရေနွေးအိုး၊ ဝိုင်ခွက်၊ ဇီးကွက်၊ ရှေးရိုးရာထမင်းချိုင့်၊ အခြားအသုံးအဆောင် ပစ္စည်းများ၊ သစ်သားပစ္စည်းများဖြစ်သည့် ကရဝိက်ဖောင်တော်၊ ရေနွေးအိုးအစုံ၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆေးတံ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ ပုတီးမျိုးစုံ၊ လာဘ်ကောင်မျိုးစုံ၊ အရုပ်မျိုးစုံတို့ကိုလည်း ပြသထားသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များဖြစ်သည့် မန္တလေးတောင်၊ မန္တလေးကျုံး၊ ဦးပိန်တံတား၊ စောင်းအလှ၊ ပုဂံနန်းတွင်းသူအလှတို့ကို စတေကာရိုက်နှိပ်ထားသောအင်္ကျီများ၊ ဘော်ကြယ်များဖြင့် အလှဆင်ထားသည့် အင်္ကျီများကိုလည်း ပြသရောင်းချလျက်ရှိရာ စိတ်ဝင်တစား လေ့လာကြည့်ရှုဝယ်ယူကြကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား သုံးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



တရုတ်နိုင်ငံသား သုံးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား သုံးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ ၁၃၈၆၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၈၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၈ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)

---

# ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်၊ စဉ့်ကိုင်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် ည ၇ နာရီခွဲတွင်သတင်းအရ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ မြစ်ကြီးနားမြို့ ဂျန်မိုင်ကောင်းရပ်ကွက်နေ ဝွန်းဆန့် ၃၅ နှစ် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၈၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂၈၇ သိန်း)နှင့် စိတ်ပြောင်းဆေးဝါး HAPPY WATER ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၇၅၀ ဖမ်းဆီးရမိသဖြင့် ဝွန်းဆန့်ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



ဝွန်းဆန့်ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



မနွယ်နွယ်ထွန်း ခေါ် နွယ်နီ၊ မသန္တာဦးနှင့် ကျော်စိုးတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ အမရပူရမြို့နယ် ကျင်တန်းရပ်ကွက်နေ ကျော်စိုး ၆၄ နှစ်နှင့်မသန္တာဦး ၅၅ နှစ်တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီတွင် စိတ်ကြွဆေးပြားများ လာရောက်ပို့ဆောင်သူ စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းရွာနေ မနွယ်နွယ်ထွန်း ခေါ် နွယ်နီ ၃၅ နှစ်ကို အဆိုပါရပ်ကွက်၌စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀)၊ CANDA ဆိုင်ကယ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ည ၈နာရီခွဲတွင် ၎င်းနေထိုင်သည့် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းရွာရှိနေအိမ်မှ စိတ်ကြွဆေးပြား၂၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၄၀)ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ကျော်စိုး၊ မသန္တာဦးနှင့်မနွယ်နွယ်ထွန်း ခေါ် နွယ်နီတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ


(ယမန်နေ့မှအဆက်)

(ဆ) လျှောက်ထားသူအကောင့်မှ ပြန်လည်ထွက်ခွာခြင်း

လျှောက်ထားသူသည် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ် စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) Website ၏ ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ထွက်ရန်" (Sign Out)** ကို Click နှိပ်၍ အကောင့်မှ ပြန်ထွက်နိုင်ပါသည်။




ပုံ(၂၀) လျှောက်ထားသူအကောင့်မှ ပြန်ထွက်ရန်ပြပုံစံ

(၂) Digital Smart မီတာအသစ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

စနစ်အတွင်းသို့ အောင်မြင်စွာဝင်ရောက်ပြီးပါက အိမ်သုံးမီတာ/ပါဝါမီတာအသစ်အသုံးပြုခွင့် လျှောက်ထားခြင်း စာမျက်နှာသို့ ရောက်ရှိမည်ဖြစ်ပြီး အပေါ်ယာဘက်ထိပ်ရှိ **"လျှောက်လွှာအသစ်"** အစိမ်းရောင်စာသားကို Click နှိပ်၍ စတင်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် မိမိတို့ လျှောက်ထားလိုသော မီတာအမျိုးအစားများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များဟူ၍ သက်ဆိုင်ရာဒေသအလိုက် တိကျစွာခွဲခြားရွေးချယ်ပြီး လျှောက်တင်ရမည်ဖြစ်ပါသည်။




ပုံ(၂၁) သက်ဆိုင်ရာဒေသအလိုက် လျှောက်လွှာများပြပုံစံ

မီတာလျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း မီတာအမျိုးအစားများ အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာ၊ ကန်ထရိုက်တိုက်အိမ်သုံးမီတာနှင့် စက်မှုသုံးပါဝါမီတာဟူ၍ (၄)မျိုး ခွဲခြားသတ်မှတ်ထားပါသည်။ လျှောက်ထားသူသည် မိမိလျှောက်ထားလိုသော တိုင်းဒေသကြီးအလိုက် မီတာအမျိုးအစားကို ရွေးချယ်၍ Click နှိပ်ပြီး လျှောက်လွှာများကို ဆက်လက်ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(က) Digital Smart မီတာအသစ်လျှောက်ထားခြင်း

မီတာလျှောက်ထားရာတွင် ပထမဦးစွာ စနစ်တွင်ပြသထားသော စည်းမျဉ်းစည်းကမ်းချက်ကို ဖတ်ရှုရမည် ဖြစ်ပါသည်။ အဆိုပါစည်းမျဉ်းစည်းကမ်းချက်ကို သဘောတူလက်ခံကြောင်း အမှတ်အသားကွက် (Checkbox)တွင် အမှန်ခြစ်ပေးရမည်ဖြစ်ပြီး အမှန်ခြစ်ပေးပြီးမှသာ နောက်တစ်ဆင့်သို့ ဆက်လက် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။





ပုံ(၂၂) မီတာလျှောက်ထားရာတွင်လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ

ဝန်ခံကတိပြုချက်များကို ဖတ်ရှုပြီး လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်အသားကွက် (Checkbox) တွင် အမှန်ခြစ်ပေး၍ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။




ပုံ(၂၃) မီတာလျှောက်ထားရာတွင် ဝန်ခံကတိပြုရမည့်အချက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ရာတွင် ကောက်ခံမည့် သတ်မှတ်နှုန်းထားမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။ ထို့နောက် **"သိမ်းဆည်း၍ ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရပါမည်။



ပုံ(၂၄) မီတာကောက်ခံမည့် သတ်မှတ်နှုန်းထား


လျှောက်ထားသူ၏ အချက်အလက်များကို အောက်ပါအတိုင်း စနစ်တကျ ဖြည့်သွင်းရမည်ဖြစ်ပါသည် -

(၁) လျှောက်လွှာခေါင်းစဉ်များတွင် အနီရောင်ကြယ်အမှတ်အသား (*) ပါရှိသည့် နေရာများကို မဖြစ်မနေ (Mandatory) ပြည့်စုံစွာ ဖြည့်သွင်းရမည် ဖြစ်ပါသည်။

(၂) နေရပ်လိပ်စာ ဖြည့်သွင်းရာတွင် **"မြို့နယ်"** ကို ဦးစွာ ရွေးချယ်ပေးရမည်ဖြစ်ပါသည်။

(၃) မြို့နယ်ကို ရွေးချယ်ပြီးပါက ယင်းမြို့နယ်နှင့်သက်ဆိုင်သည့် **"ခရိုင်"** နှင့် **"တိုင်းဒေသကြီး/ပြည်နယ်"** အချက်အလက်များ စနစ်အတွင်း အလိုအလျောက် ပေါ်လာသည်အထိ ခေတ္တစောင့်ဆိုင်းပေးရမည်ဖြစ်ပါသည်။

(၄) အချက်အလက်များအားလုံးပေါ်လာပြီး မှန်ကန်ပါက **"သိမ်းဆည်း၍ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။




ပုံ(၂၅) ကိုယ်ရေးအချက်အလက်ဖြည့်သွင်းရန်ဖောင်ပုံစံ

ကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏ **နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်)၏ ကာလာဓာတ်ပုံ**ကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ မှတ်ပုံတင်ဓာတ်ပုံ တင်သွင်းရာတွင် အောက်ပါအတိုင်း ခွဲခြား၍ စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည်-

(၁) သတ်မှတ်ထားသော နေရာတွင် မိမိမှတ်ပုံတင်၏ အရှေ့ဘက် မျက်နှာပြင် ဓာတ်ပုံ (သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။

(၂) သတ်မှတ်ထားသော နေရာတွင် မိမိမှတ်ပုံတင်၏ **အနောက်ဘက် မျက်နှာပြင်** ဓာတ်ပုံ(သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။


**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာ ဖြစ်ရမည် ဖြစ်ပါသည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max) အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ (၂) ပုံလိုအပ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျ ရွေးချယ်ပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။




ပုံ(၂၆) မှတ်ပုံတင်ဖြည့်သွင်းရမည့်ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ဖြူစင်စိတ်ထား ကောင်းကျိုးများ

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"ဖြူစင်စိတ်ထား ကောင်းကျိုးများ"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ကွယ် ညောင်ပင်သာလို့ခေါ်တဲ့ ရွာကလေးတစ်ရွာမှာ မောင်သစ္စာလို့ခေါ်တဲ့ လူငယ်ကလေးတစ်ယောက်ရှိသတဲ့ကွယ်။ မောင်သစ္စာကလေးငယ်စဉ်ကတည်းက မိဘနှစ်ပါးစလုံးဟာ ကွယ်လွန်သွားခဲ့တာကြောင့် မှီခိုအားကိုးရာမဲ့ခဲ့တာပေါ့ကွယ်။ ဒါကြောင့်မို့ မောင်သစ္စာကလေးဟာ ကိုယ့်အားကိုယ်ကိုးရင်း သူပြုစုလုပ်ကျွေးခွင့်မရခဲ့တဲ့ မိဘနှစ်ပါးကိုရည်စူးပြီး အမြဲလိုလိုကုသိုလ်ကောင်းမှုလေးတွေလုပ်ပေးသတဲ့ကွယ်။ ပြီးတော့ မောင်သစ္စာကလေးဟာ ရိုးသားကြိုးစားတဲ့အကျင့်ကောင်းလေးတွေနဲ့ ဖြူစင်တဲ့စိတ်ထားကလေးလဲရှိတော့ တစ်ရွာလုံးကလဲ ချစ်ခင်ယုံကြည်အားကိုးကြသတဲ့ကွယ်။

နောက်ပြီး မောင်သစ္စာကလေးဟာ ဘယ်သူခေါ်ခေါ် သွားပြီး ဘာခိုင်းခိုင်းလုပ်ပေးတတ်တဲ့ အကျင့်လဲ ရှိတာပေါ့ကွယ်။

"မောင်သစ္စာရေ မနက်ဖြန်ကျရင် ဘကြီးဖြိုးအိမ်မှာ ထင်းလာခွဲပေးအုံးနော်"

" ဟုတ်ကဲ့ ဘကြီးဖြိုး ၊ ကျွန်တော် လာခဲ့ပါမယ် ခင်ဗျာ "

မောင်သစ္စာကလေးရဲ့ ရိုးသားကြိုးစားတဲ့စိတ်ထားလေးကြောင့် အလုပ်အကိုင်ကလဲမရှားဘူးပေါ့ကွယ်။ ပြီးတော့ မောင်သစ္စာကလေးဟာ ဘယ်အလုပ်မဆို စေတနာပါပါနဲ့ ကူညီလုပ်ကိုင်ပေးတတ်တာကြောင့်လဲ လူချစ်လူခင်ကပေါများလာသတဲ့ကွယ်။

ဒီလိုနဲ့ မောင်သစ္စာကလေးရဲ့ဂုဏ်သတင်းဟာ တစ်နေ့တခြားထင်ပေါ်လာခဲ့တာပေါ့ကွယ်။ တစ်ရွာလုံးက မောင်သစ္စာကလေးကို ရိုးသားကြိုးစားလို့ ချစ်ခင်ကြပေမဲ့ မောင်ဆိုးပေလို့ခေါ်တဲ့ လူငယ်ကလေးတစ်ယောက်ကတော့ မောင်သစ္စာကလေးကိုမနာလိုစိတ်ထားပြီး ပျက်စီးရာပျက်စီးကြောင်းကြံ နေခဲ့သတဲ့ကွယ်။

ဒါကြောင့်မို့ မောင်ဆိုးပေဟာ သူနဲ့စိတ်တူကိုယ်တူလူငယ်တွေစုပြီး မောင်သစ္စာကလေးကို ခြိမ်းခြောက်ရန်ပြုခဲ့သတဲ့ကွယ်။ ဒါပေမဲ့ မောင်သစ္စာကလေးဟာ ဖြူစင်စိတ်ထားကလေးနဲ့ သည်းခံစိတ်မွေးပြီး ခွင့်လွှတ်လိုက်သတဲ့ကွယ်။ ဒါကို မကျေနပ်နိုင်တဲ့ မောင်ဆိုးပေဟာ ရွာထဲကအိမ်တွေမှာကြံ့ရင်ကြံ့သလို မောင်သစ္စာကလေးရဲ့မကောင်း



သတင်းတွေကိုပြောပြနေသတဲ့ကွယ်။ဒါပေမဲ့ တစ်ရွာလုံးကလဲ မောင်သစ္စာကလေးရဲ့အကြောင်းကို သိနေကြတော့ မောင်ဆိုးပေဘာပြောပြောမယုံကြဘူးတဲ့ကွယ်။ ဒါကြောင့်မို့ မောင်ဆိုးပေဟာ မောင်သစ္စာကလေးအပေါ်ကို ပိုပြီးမနာလိုစိတ်ထားကကြီးမားလာခဲ့တာပေါ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ မောင်ဆိုးပေဟာ မောင်သစ္စာကလေးအလုပ်သွားလုပ်ရတဲ့ ရွာထဲက အိမ်ကနေ စုဘူးကလေးကို ခိုးယူလာခဲ့သတဲ့ကွယ်။ မောင်ဆိုးပေဟာ သူခိုးယူလာခဲ့တဲ့စုဘူးကလေးကို မောင်သစ္စာကလေးရဲ့အိမ်ထဲက ထင်းတွေကြားထဲမှာ ဝှက်ထားခဲ့ရင်း ထင်းပုံတွေကြားထဲမှာ တိတ်တိတ်ကလေးစောင့်ကြည့်နေခဲ့တာပေါ့ကွယ်။

ဒီလိုနဲ့ မောင်သစ္စာကလေးဟာရွာထဲကအိမ်တွေက နေအလုပ်တွေပြီးလို့ သူ့ရဲ့အိမ်ကလေးဆီပြန်လာခဲ့သတဲ့ကွယ်။ မောင်သစ္စာကလေးဟာ အိမ်ပြန်လမ်းတစ်လျှောက်မှာသူရလာခဲ့တဲ့ လုပ်အားခလေးတွေကို ရေတွက်ရင်းပျော်ရွှင်နေခဲ့သတဲ့ကွယ်။ မောင်သစ္စာကလေးဟာသူရဲ့လုပ်အားခလေးတွေကို တစ်ဝက်စု တစ်ဝက်ကိုလှူဖို့လဲ လမ်းတစ်လျှောက်တွေးလာခဲ့တာပေါ့။ဒီလိုနဲ့ မောင်သစ္စာကလေးဟာ သူ့ရဲ့အိမ်ရှေ့ရောက်တော့ရွာဦးကျောင်းဘုရားကိုပြုပြင်ဖို့အလှူခံလာတဲ့ ရွာကလူကြီးတွေနဲ့ဆုံတွေ့ရသတဲ့ကွယ်။ ဒါကြောင့်မို့ မောင်သစ္စာကလေးဟာ ဝမ်းသာအားရနဲ့ သူရလာခဲ့တဲ့လုပ်အားခလေးတွေကို ကြည်ဖြူစွာနဲ့ ပေးလှူခဲ့တာပေါ့။

ဒီအချိန်မှာပဲ မောင်သစ္စာကလေးရဲ့ အိမ်ထဲကနေ " မြွေကြီး မြွေကြီး ကျွန်တော့်ကိုကိုက်သွားပြီ ကယ်ကြပါအုံး " ဆိုတဲ့ ထိတ်လန့်တကြားအော်သံကြီးထွက်လာခဲ့သတဲ့ကွယ်။ ဒါကြောင့်မို့ မောင်သစ္စာကလေးနဲ့ အလှူခံလာတဲ့လူကြီးတွေဟာ အိမ်ထဲ အမြန်ပြေးကြည့်ကြတာပေါ့ကွယ်။ မောင်သစ္စာကလေးတို့အိမ်ထဲရောက်တဲ့အခါမှာတော့ စုဘူးကလေးကိုပိုက်ရင်းလဲကျနေတဲ့ မောင်ဆိုးပေကို တွေ့ပြီး အံ့အားသင့်သွားခဲ့တာပေါ့။ မောင်ဆိုးပေရဲ့ဘေးနားမှာ ပါးပျဉ်းထောင်နေတဲ့ မြွေကြီးဟာလဲ မောင်သစ္စာကလေးတို့ကိုမြင်ပြီး အဝေးထွက်သွားခဲ့သတဲ့ကွယ်။ဒါကြောင့်မို့ မြွေဆိပ်တက်ပြီး သတိလစ်နေတဲ့မောင်ဆိုးပေကို ဆေးဆရာကြီးဆီအမြန်ခေါ်သွားပြီးကုသပေးခဲ့တာပေါ့။ နောက်ဆုံးမှာတော့ မြွေဆိပ်ပြေပြီးသက်သာလာခဲ့တဲ့ မောင်ဆိုးပေဟာ သူမောင်သစ္စာကလေးအပေါ် မနာလိုစိတ်ထားနဲ့ လုပ်ခဲ့သမျှအပြစ်တွေကိုပြောပြရင်း ခွင့်လွှတ်ပေးဖို့ တောင်းပန်ခဲ့သတဲ့ကွယ်။

ကဲ သားတို့ သမီးတို့ရေ ဒီတစ်ပတ်ပုံပြင်ကလေးကတော့ ဒီလောက်ပါပဲကွယ်။

သားတို့ သမီးတို့ရေ ဒီပုံပြင်လေးထဲမှာတော့ ဖြူစင်စိတ်ထားကလေးရှိတဲ့ မောင်သစ္စာကလေးအပေါ်ကို မောင်ဆိုးပေဟာ ဘယ်လောက်ပဲပျက်စီးဖို့ကြံ့ကြံ့ မရဘူးဆိုတာကို သားတို့ သမီးတို့က တွေ့ကြမှာပါနော်။ ဒါကြောင့်မို့ သားတို့သမီးတို့ကလဲ ရိုးသားကြိုးစားပြီး ဖြူစင်တဲ့စိတ်ဓာတ်ကောင်းလေးတွေထားရှိကြရမယ်နော်။

သားတို့ သမီးတို့ရေ ဒီပုံပြင်လေးထဲမှာ သတိထားရမဲ့အချက်တစ်ခုကတော့ သူများအပေါ်မှာ မကောင်းစိတ်မမွေးရဘူး။ မနာလိုတဲ့စိတ်မထားရဘူး။ သူများပစ္စည်းကိုလဲ ခိုးယူလိုစိတ်မမွေးရဘူးနော်။ အဲဒီလိုစိတ်မျိုးတွေထားရင် ကိုယ်ပြန်ခံရတတ်တယ်ဆိုတာ သတိထားရမယ်နော်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## ဝါတွင်းကာလ

A မြန်မာ့ဓလေ့ ချစ်စရာ
အဖိတ်ညနေခါ။

A ထက်အောက်မှာ အဖြူဆင်မြန်း
ဖလားကိုင်လျှောက်လှမ်း။

A ဗျပ်ဆိုင်းထမ်းကြ မမောနိုင်
ဆွမ်းတော်ကြီးခံမြိုင်၊
ကြေးစည်သံမြိုင် ဆော်ညြလို့
ဆွမ်းတော် ဆွမ်းတော်ဗျို့။ ။



**မောင်မောင်လှဦး (မြန်မာစာ)**

## စည်းလုံးခြင်းအင်အား

A ထင်းချောင်းကလေး ချိုးကြည့်ကွယ်
ချိုးလို့လွယ်ပါတယ်။

A ကွဲပြားနေမယ် အားမရှိ
ပျက်စီးလွယ်ပါ၏။

A ထင်းစည်းချိုးကြည့် မလွယ်ပါ
ခိုင်မြဲလို့နေတာ။

A စည်းလုံးခြင်းသည် မြဲအင်အား
ငါတို့တိုင်းရင်းသား၊
ပေါင်းစည်းကြစို့လား။ ။



**ညီသုခ (အညာမြေ)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၅၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ဒီပဲယင်း ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ ကွင်းဆင်း ဆောင်ရွက်ပေးသွားပါမယ်"ဟု ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကိုအသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

## နတ်တလင်းမြို့နယ် ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

နတ်တလင်း ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာငွေစာရင်းဇယားများ ဖြည့်သွင်းထားမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါရွာမကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၀၅ သန်းနှင့် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးထံမှ သိရသည်။

**အေးမြတ်**








## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်-၁၊ နမ(၈)နေ မကြူမင်း (ဘ) ဦးလောက်ဟွာ၊ (၁၃/လရန(နိုင်)၂၁၉၄၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-259045685.

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ် (၁၆၈)နေ ဦးကျော်သိန်း+ဒေါ်ခင်မေသီတို့၏ သမီး မချော စုစုကျော်(၉/ခအဇ(နိုင်)၀၀၅၇၈၅)သည် မိဘစကား နားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သိန်း (၉/မရမ(နိုင်)၀၂၇၀၂၃)
ဒေါ်ခင်မေသီ (၉/မရမ(နိုင်)၀၅၇၄၃၈)

## အိတ်ပိတ်တင်ဒါ(Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ လလ/၆၃ (၂၃+၂၄)၊ လလ/၆၁(၁+၂) ၁၄၃ လမ်း၊ ၅၂ လမ်း - ၅၃ လမ်းကြားရှိ Grand Royal Group International Co., Ltd တွင် အောက်ဖော်ပြပါ ပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ(အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပလင်းပိုင်အောက်ခံကြိတ်ပြား၊ EmptyDrum (ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်(လပြတ်)ဖြင့် လစဉ်လတိုင်း ရောင်းချမည်ဖြစ်ပါ၍ တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက် ကြိုတင်အကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်
ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁။

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ လောင်ပြည့်ကျေးရွာနေ မဝါဝါခိုင် (ဘ) ဦးမြင့်စိန်၊(၅/မကန(နိုင်)၀၅၄၁၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်-MF 851040 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-449489196.

## ပျောက်ဆုံးကြောင်း

ကျောက်တန်းမြို့နယ်၊ ကမာကလုပ်ကျေးရွာနေ မောင်အေးမင်းဦး (ဘ) ဦးခင်မောင်ထွန်း၊ (၁၂/ကတန(နိုင်)၁၀၉၀၉၁) ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်-MF 769504 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-796276268.


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**စာအုပ်စာပေ လူ့မိတ်ဆွေ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားမှ ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွံတေးမြို့နယ်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ပထမရွှေတံဆိပ်ဆုဆွတ်ခူး



နေပြည်တော် ဩဂုတ် ၂၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင်

စာမျက်နှာ ၂၆ ကော်လံ ၁ ❖

# ကြေးမုံ

## ယနေ့ဖတ်စရာ

ICJအမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း


ဆောင်းပါး စာမျက်နှာ - ၂၀

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်

စာမျက်နှာ ၁၉ ကော်လံ ၁ ●




# 2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၉

2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)